# ဓမ္မခန္ဓာ (၁၀) ယူနွတ်စ်

**ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၅၁၊ သုတ်ဒေသနာ ၁၀၉ ပါး။**

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **الر تِلْكَ آيَاتُ الْكِتَابِ الْحَكِيمِ۞**<br>အလက်ဖ်၊လမ်၊ရာ[၅၂၄] ဤသည် ဓမ္မသတ် ကျမ်းတော်၏[၅၂၅] သုတ်ဒေသနာများပင် ဖြစ်၏။ |
| ၂။ | **أَكَانَ لِلنَّاسِ عَجَبًا أَنْ أَوْحَيْنَا إِلَى رَجُلٍ مِّنْهُمْ أَنْ أَنذِرِ النَّاسَ وَبَشِّرِ الَّذِينَ آمَنُواْ أَنَّ لَهُمْ قَدَمَ صِدْقٍ عِندَ رَبِّهِمْ قَالَ الْكَافِرُونَ إِنَّ هَذَا لَسَاحِرٌ مُّبِينٌ ۞**<br>ငါသည် သူတို့မှ လူတစ်ယောက်အား အာရုံဖြစ်စေလျှက်၊ "လူသားတို့အား၊ ယုံကြည်သူများ အတွက် သူတို့၏ ကံကြမ္မာရှင်ထံ၌ ခိုင်မာသော အခြေအမြစ် ရှိ၏ ဟု သတင်းကောင်းပေး၊ နှိုးဆော်လော့၊"ဟု စေ သည်ကို လူသားတို့ အံ့သြကြသလော၊ ဖုံးကွယ်သူများက "ကေန်ပင် ဤသည် ထင်ရှားသော မှော်ဆရာပင် ဖြစ်၏၊"ဟု ဆိုကြ၏။ |
| ၃။ | **إِنَّ رَبَّكُمُ اللهُ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ يُدَبِّرُ الأَمْرَ مَا مِن شَفِيعٍ إِلاَّ مِن بَعْدِ إِذْنِهِ ذَلِكُمُ اللهُ رَبُّكُمْ فَاعْبُدُوهُ أَفَلاَ تَذَكَّرُونَ۞**<br>ကေန်ပင် သင်တို့၏ ကံကြမ္မာရှင်သည် မိုးများနှင့် မြေကမ္ဘာအား ကာလ ခြောက်ခုတွင်း ဖြစ်တည်စေသော အရှင် ဖြစ်၏။ တဖန် ထပ်ဆင့်ကွပ်ကဲမှုကို ပုံပေါ်စေ၍[၅၂၆] စီမံချက်များကို လောကဓမ္မ ဖြစ်စေ၏။ အရှင်၏ ခွင့်ပြုချက် မရှိဘဲ |

---

(၅၂၄) ဤသုတ်တော်တွင် ပါဝင်သော အတိုကောက်အက္ခရာ စာလုံးများဖြစ်သည့် **الر အလက်ဖ်၊လမ်၊ရာ** မှ **အလက်ဖ်** နှင့် **လမ်** အက္ခရာ နှစ်လုံး၏ ကိုယ်စားပြု အဓိပ္ပါယ်အား ၂း၁ ၏ အောက်ခြေတွင် ရှင်းခဲ့ပေပြီ။ ဤ အတိုကောက် အက္ခရာ **الر အလက်ဖ်၊ လမ်၊ ရာ** အား ဓမ္မခန္ဓာ ၁၁၊ ၁၂၊ ၁၄၊ ၁၅ တွင်တွေ့ရပြီး ၁၃ တွင်မူ **အလက်ဖ်၊ လမ်၊ မင်၊ ရာ** ဟု ဖေါ်ပြပေသည်။ ၎င်းမှ အက္ခရာ အတိုကောက် ر **ရာ** သည်၊ **ရာအီ** မြင်နေသည်၊ သို့မဟုတ် **အ၊ရာ** ငါမြင်သည်။ ဟူသော ဝေါဟာရကို ကိုယ်စားပြုပေသည်။ ထို့ကြောင့် **အလက်ဖ်၊လမ်၊ရာ** ၏ အနက်မှာ **"ငါသည် ကုန်စင်မြင်နေတော်မူသော ပရမတ်ဘုရားရှင် ဖြစ်၏၊**"ဟု ဖြစ်ပေသည်။

(၅၂၅) ကျမ်းမြတ်ကုရ်အာန်အား ဓမ္မသတ်ကျမ်းတော်ဟု ခေါ်ပေသည်။ ဤဓမ္မသတ်ဟု ဘာသာပြန်ဆိုသော မူရင်း အရ်ဗီစကားလုံး **ဟကီးမ်** မှာ အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော၊ ဉာဏ်အမြော်အမြင်ကြီးသော၊ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အယုတ်နှင့် အမြတ်တို့အား ခွဲခြားနိုင်သော– ဟုလည်း အနက်ကိုပေးပေသည်။ ထို့ကြောင့် ဤကျမ်းတော်သည်၊ လူသားအပေါင်းအား ဉာဏ်အမြော်အမြင် ကြီးစွာဖြင့် သုံးသပ်ဆင်ခြင် ခွဲခြမ်း စိတ်ဖြာ၍ ဘဝတစ်ခုအား တည်ဆောက်နိုင်ရန်၊ လူ့အသိုင်းအဝိုင်းအား တည်ဆောက်နိုင်ရန် နည်းလမ်းပြပေးသော ကျမ်းတော်ပင် ဖြစ်ပေသည်။ ဤကျမ်းတော်သည် လူ့ကျင့်ဝတ် ဥပဒေအတွက် အသေးစိတ် ရှင်းလင်းပေးထားသော ကျမ်းတော်ပင် ဖြစ်သည်။ ၁၀း

(၅၂၆) ဤသုတ်တော်နှင့် ၇း၅၄။ ၁၃း၂။ ၂၀း၅။ ၂၅း၅၉။ ၃၂း၄ တွင် ဖေါ်ပြသော **اسْتَوَى عَلَى الْعَرْشِ အိုစ်တဝီး အလာ အာရ်ရှ်** ကို "ရာဇပလ္လင်ကြီး ပေါ်တွင် စိုးစံ၍၊"ဟု ဘာသာပြန်ဆိုခြင်းမှာ **အာရ်ရှ်** ဆိုသည်မှာ "အရိပ်ဖြစ်ရန် တည်ဆောက်သောအရာ" (လိန်း– အာရ်ဗီ၊ အင်္ဂလိပ် ဝေါဟာရတ္ထ ပကာသနီ) ဟု ဖြစ်၍၊ ဘုရင်များထိုင်သည့် ပလ္လင်တွင်လည်း သာမန် ကုလားထိုင်နှင့် မတူဘဲ အပေါ်မှ အမိုးဖြင့် အရိပ်ရအောင်လုပ်ထားသော ထိုင်ခုံဖြစ်၍ **အာရ်ရှ်** ဟု ခေါ်တွင်ရာမှ၊ ထိုစကားလုံး **အာရ်ရှ်** ကို ပလ္လင်ဟု ထင်မှတ်မှားခြင်း ဖြစ်ပေသည်။ **အာရ်ရှ်**ဟူသည် ပလ္လင် မဟုတ်ချေ။

| | |
|---|---|
| | ကြားဝင် အမျှဝေပေးနိုင်သူ ဟူ၍ မရှိချေ။[၁၂၇] အရှင်သည် သင်တို့၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင် ဖြစ်တော်မူ၏၊ အရှင့်ကိုသာ ကိုးကွယ်အပ်၏၊ သင်တို့ သတိထားမိပါလေစ။ |
| ၄။ | **إِلَيْهِ مَرْجِعُكُمْ جَمِيعًا وَعْدَ اللّهِ حَقًّا إِنَّهُ يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ لِيَجْزِيَ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ بِالْقِسْطِ وَالَّذِينَ كَفَرُواْ لَهُمْ شَرَابٌ مِّنْ حَمِيمٍ وَعَذَابٌ أَلِيمٌ بِمَا كَانُواْ يَكْفُرُونَ﴿﴾**<br>သင်တို့အားလုံး၏ နောက်ဆုံး ဦးတည်ရာမှာ အရှင်ထံသို့သာ ဖြစ်၏။ ဤသည် ပရမတ်ဘုရားရှင်၏ ပရမတ္ထ ကတိသစ္စာ ဖြစ်၏။ အရှင်သည် ဖြစ်တည်စေခြင်းကို အစပြု၏၊ သမမျှတ၍ ပြုပြင်မှု ပြုသူတို့အား အကျိုးဆုလဒ် ချီးမြှင့်ရန် အလို့ငှာ ဆက်လက်စီမံထား၏။ ဖုံးကွယ်သူတို့ အတွက်မူကား၊ သူတို့၏ ဖုံးကွယ်မှုများကြောင့် ကျွက်ကျွက် ဆူသော သောက်ရေနှင့် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၅။ | **هُوَ الَّذِي جَعَلَ الشَّمْسَ ضِيَاء وَالْقَمَرَ نُورًا وَقَدَّرَهُ مَنَازِلَ لِتَعْلَمُواْ عَدَدَ السِّنِينَ وَالْحِسَابَ مَا خَلَقَ اللّهُ ذَلِكَ إِلاَّ بِالْحَقِّ يُفَصِّلُ الآيَاتِ لِقَوْمٍ يَعْلَمُونَ﴿﴾**<br>အရှင်သည် နေ အား ထွန်းတောက်စေ၍၊ လ အား လင်းဝင်းစေလျှက်–[၁၂၈] သင်တို့သည် ခုနှစ်များ သတ်မှတ် တွက်ချက် သိနိုင်အံ့ငှာ ၎င်း၏ ပတ်လမ်းကို စည်းမျဉ်းသတ်မှတ်ထား၏။ ပရမတ်ဘုရားရှင်သည် မှန်ကန်ညီညွတ်ခြင်းဖြင့် ဤအရာအား ဖြစ်တည်စေတော်မူ၍၊ အသိပညာရှိသော လူမျိုးများအတွက် အသေးစိတ်လက္ခဏာများ ပါရှိ၏။[၁၂၉] |
| ၆။ | **إِنَّ فِي اخْتِلاَفِ اللَّيْلِ وَالنَّهَارِ وَمَا خَلَقَ اللّهُ فِي السَّمَاوَاتِ وَالأَرْضِ لآيَاتٍ لِّقَوْمٍ يَتَّقُونَ﴿﴾**<br>ကေန်ပင် နေ့နှင့်ညအား ပြောင်းလဲစေခြင်း၊ မိုးများနှင့် မြေအတွင်း ပရမတ်ဘုရားရှင်၏ ဖြစ်တည်ပေးခြင်းများ၌၊ |

---

ပလ္လင်ကို ထပ်ဆင့် အုပ်မိုးထားခြင်းကြောင့် ခေါ်သော အသုံးအနှုန်းပင် ဖြစ်ပေသည်။ **အာရ်ရှ်**ဟူသည် ဖြစ်တည်ပြီးသား အရာအား ပို၍ပို၍ ခိုင်မာညီညွတ်စေရန်၊ ထပ်ဆင့်ပြုလုပ်ပေးခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဤဘာသာပြန်တွင် “**ထပ်ဆင့် ကွပ်ကဲမှု** ကို ပုံပေါ်စေသည်” ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

**(၁၂၇)** ဤသုတ်တော်က လူသားကယ်တင်ရှင်၊ လူတစ်ဦးတစ်ယောက်အား ယုံကြည်သောကြောင့် အပြစ်များမှ လွတ်မြောက်ပြီဟူသော အယူကို ပယ်ဖျက်သည်။ “အရှင်၏ ခွင့်ပြုချက် မရှိဘဲ ကြားဝင် အမျှဝေပေးနိုင်သူ ဟူ၍ မရှိချေ” ဆိုသည်ကို နားလည်မှု လွဲမှားလျှက်၊ ပရမတ်ဘုရားရှင်သည်၊ အာဏာရှင်ကြီး ဖြစ်၍၊ သူက ခွင့်ပြုသော သူ့လက်ပါးစေများကသာ လူသားပေါင်းအား ကယ်တင်ပိုင်ခွင့် ရှိသည်ဟု မသုံးသပ်အပ်ပေ။ အရှင်၏ ခွင့်ပြုချက် ဆိုသည်မှာ ထိုဝါကျရှေ့တွင် ဖော်ပြပြီး “စီမံချက်များကို လောကဓမ္မ ဖြစ်စေ၏” ဆိုသည်က ရှင်းလင်းပြီး ဖြစ်ပေသည်။ မည်သည့် လူသားသည်မှ လောကဓမ္မ၏ အပေါ်မှ မရှိချေ။ ပရမတ်ဘုရားကိုယ်တိုင် မိမိ၏ ဥပဒေအား ကျော်လွန်ခြင်း မရှိကြောင်း ၃၀း၃၀ တွင် အတိအကျ ဖော်ပြထားပေသည်။ ထို့ကြောင့် လောကဓမ္မ၏ ပကတိ ဖြစ်စဉ်ကို ဆင်ခြင်လိုက်နာသော မည်သူမဆို လောကဓမ္မကို ပို၍ပို၍ နားလည်လာပြီး လူသားအပေါင်းအား သတိပေးနိုင်ပေသည်။ သို့သော် သူသည် လောကဓမ္မ၏ မူလဇစ်မြစ် ပိုင်ရှင် မဟုတ်ချေ။ ထို့ကြောင့် လောကဓမ္မ၏ မူလဇစ်မြစ် ပရမတ်ဘုရားရှင်ကိုသာ အမှုတော်ဆောင်ကြရန် (ကိုးကွယ်ကြရန်) ဤသုတ်တော်က နှိုးဆော်ထားခြင်း ဖြစ်ပေသည်။

**(၁၂၈)** ဤသုတ်တော် အပါအဝင် “နေနှင့် လ” တို့၏ အလင်းအကြောင်းကို တင်ပြသော ကျမ်းတော်၏ သုတ်ဒေသနာတိုင်းတွင် “နေ” ၏ အလင်းရောင်အား **သောင် ضِيَاء ကိုယ်တိုင် ထွန်းတောက်သော အလင်း** ဟု ဆို၍၊ **လ** ၏ အလင်းရောင်အား **နူးရ် نُورًا** တစ်စုံတစ်ခုကို မှီတည်လျှက် ပြန်ကန်သောအလင်း၊ **ရောင်ပြန်ဟပ်သော အလင်း** ဟု ဆိုပေသည်။ (၇၁း၁၂ တွင်ကြည့်ပါ။)

**(၁၂၉)** ကျမ်းတော်သည် ပထဝီဆိုင်ရာ၊ သိပ္ပံဆိုင်ရာ၊ လေ့လာစူးစမ်းမှု ဆိုင်ရာ ပညာရပ်များကို ပြောဆိုတိုင်း အသိပညာရှိသူတို့ အတွက် အသေးစိတ် လက္ခဏာများ၊ **فصل** (ဖိုင်ဆွလာ) စီစစ် ဆုံးဖြတ်နိုင်ရန် အဆင့်ဆင့် ရှင်းလင်းချက်များ ရှိသည်ဟု မကြာခဏ ဆိုထားပေသည်။ ထို့ကြောင့် ကျမ်းတော်၏ ရှင်းလင်းချက်များကို နားလည်သည်ထက် နားလည်ရန် ပညာရပ်ပေါင်းများစွာကို လေ့လာရန်၊ စူးစမ်းရန်၊ လောက၏ လျှို့ဝှက်မှုများကို ဖော်ထုတ်တီထွင်ရန် အရေးကြီးပေသည်။ သို့မှသာလျှင် ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းထားသော လောကဓမ္မအား နားလည်မှု ပိုမို ရရှိလာမည် ဖြစ်ပေသည်။

| | |
|---|---|
| | စည်းစောင့်သူများအတွက် နိမိတ်လက္ခဏာများ ပါရှိ၏။ |
| ၇။<br>သုတ်<br>တော် | **إِنَّ الَّذِينَ لاَ يَرْجُونَ لِقَاءنَا وَرَضُواْ بِالْحَياةِ الدُّنْيَا وَاطْمَأَنُّواْ بِهَا وَالَّذِينَ هُمْ عَنْ آيَاتِنَا غَافِلُونَ۞**<br>ကေနိပင်၊ ငါအရှင်မြတ်အား ဖူးတွေ့ရန် မမျှော်ကိုး၊ လောကီဘဝအား လောဘတိုးလျက် ၎င်းအား ဖက်တွယ်ထားသူ၊ ငါ၏ **နိမိတ်လက္ခဏာ**များကို မေ့လျော့နေသူ– |
| ၈။<br>စစ်ပွဲများ | **أُوْلَـئِكَ مَأْوَاهُمُ النُّارُ بِمَا كَانُواْ يَكْسِبُونَ۞**<br>သူတို့၏ ကျင့်ဆောင်မှုများကြောင့် ထိုသူတို့အဘို့ ဘုံစခန်းမှာ **အပူမီး**ပင် ဖြစ်၏။ |
| ၉။ | **إِنَّ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ يَهْدِيهِمْ رَبُّهُمْ بِإِيمَانِهِمْ تَجْرِي مِن تَحْتِهِمُ الأَنْهَارُ فِي جَنَّاتِ النَّعِيمِ۞**<br>ကေနိပင် ယုံကြည်လျက် ပြုပြင်မှု ပြုသူတို့အား သူတို့၏ ယုံကြည်ခြင်း သီလကြောင့် သူတို့၏ ကံကြမ္မာရှင်က သူတို့အား လမ်းညွှန်တော်မူ၏၊ အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဂုဏ်ရှိသော ဥယျာဉ်ဘုံသည် ရှိနေ၏။ |
| ၁၀။<br><br>၅၆း၂၅။၂၆ | **دَعْوَاهُمْ فِيهَا سُبْحَانَكَ اللَّهُمَّ وَتَحِيَّتُهُمْ فِيهَا سَلاَمٌ وَآخِرُ دَعْوَاهُمْ أَنِ الْحَمْدُ لِلّهِ رَبِّ الْعَالَمِينَ۞**<br>ထိုနေရာ၌ "အရှင်သည် အတုမဲ့ ဖြစ်ပါ၏၊ အို ပရမတ်ဘုရားရှင်၊"ဟု သူတို့သည် ရင့်ကျူး၍၊ "ငြိမ်းချမ်းပါစေ၊"ဟု နှုတ်ခွန်းဆက်ကြကာ၊ နောက်ဆုံး၌ "ရည်သန်စူးစိုက်မှု အပေါင်းသည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်၊ ပရမတ်ဘုရားရှင် အဘို့သာတည်း၊"ဟု ကြွေးကြော်ကြ၏။ |
| ၁၁။ | **وَلَوْ يُعَجِّلُ اللّهُ لِلنَّاسِ الشَّرَّ اسْتِعْجَالَهُم بِالْخَيْرِ لَقُضِيَ إِلَيْهِمْ أَجَلُهُمْ فَنَذَرُ الَّذِينَ لاَ يَرْجُونَ لِقَاءنَا فِي طُغْيَانِهِمْ يَعْمَهُونَ۞**<br>လူသားသည် ကောင်းကျိုးကို အလျှင်စလို ရှိသကဲ့သို့၊ ပရမတ်ဘုရားရှင်က သူတို့ရထိုက်သော ဆိုးကျိုးကို အလျှင်အမြန်ပေးခဲ့လျှင်၊ သူတို့အား စောစီးစွာ ဆုံးဖြတ်ခဲ့ချေပြီ။ ငါ့အား ဖူးတွေ့ရန် မမျှော်ကိုးသော သူတို့အား အကန်းလမ်းပျောက် လှည့်နေစေတော်မူပြီ။ |
| ၁၂။ | **وَإِذَا مَسَّ الإِنسَانَ الضُّرُّ دَعَانَا لِجَنبِهِ أَوْ قَاعِدًا أَوْ قَآئِمًا فَلَمَّا كَشَفْنَا عَنْهُ ضُرَّهُ مَرَّ كَأَن لَّمْ يَدْعُنَا إِلَى ضُرٍّ مَّسَّهُ كَذَلِكَ زُيِّنَ لِلْمُسْرِفِينَ مَا كَانُواْ يَعْمَلُونَ۞**<br>လူသားသည် အကြပ်အတည်းနှင့် ထိတွေ့သောအခါ၊ လှဲလျောင်း၍၊ ထိုင်၍၊ ထ၍ ငါ့ထံ၌ ဆုတောင်းပန်ထွာ၏။ သို့သော် အကျဉ်းအကြပ်မှ ကျွတ်လွတ်စေသည်နှင့် သူသည် မည်သည့် အကြပ်အတည်းအတွက်မှ ငါ့ထံ၌ ဆုမပန်ခဲ့သကဲ့သို့ သွားမြဲလမ်းကို သွားလေ၏၊ ဤသို့ပင် အလွဲသုံးစားပြုသူတို့သည် သူတို့၏ ကျင့်ဆောင်မှုများကို သာယာနေဟန် ရှိ၏။ |
| ၁၃။ | **وَلَقَدْ أَهْلَكْنَا الْقُرُونَ مِن قَبْلِكُمْ لَمَّا ظَلَمُواْ وَجَاءتْهُمْ رُسُلُهُم بِالْبَيِّنَاتِ وَمَا كَانُواْ لِيُؤْمِنُواْ كَذَلِكَ نَجْزِي الْقَوْمَ الْمُجْرِمِينَ۞**<br>ငါသည် သင်တို့မတိုင်မီ မျိုးဆက်များကို သူတို့ အမိုက်သင့်နေစဉ်တွင် တိမ်ကောစေခဲ့ပြီ။ သူတို့ထံသို့ ဉာဏ်စဉ်ဆောင်များသည် သက်သေလက္ခဏာများဖြင့် ရောက်လာသောခါ၊ သူတို့သည် မယုံကြည်ကြ။ ငါသည် ရာဇဝတ်သင့်သော လူမျိုးတို့အား ညီမျှသော အကျိုးကို သင့်စေပြီ။ |
| ၁၄။<br>စောင့်<br>ကြည့်ရန် | **ثُمَّ جَعَلْنَاكُمْ خَلاَئِفَ فِي الأَرْضِ مِن بَعْدِهِم لِنَنظُرَ كَيْفَ تَعْمَلُونَ۞**<br>တဖန် ငါသည် သင်တို့ကို၊ သင်တို့ မည်သို့ပြုကျင့်ကြမည်ကို **စိစစ်ရန်** သူတို့နောက် မြေကမ္ဘာ၌ အမွေခံ မျိုးဆက် |

| | |
|---|---|
| | အဖြစ် ပြုလုပ်တော်မူခဲ့ပြီ။ |
| ၁၅။ | **وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالَ الَّذِينَ لاَ يَرْجُونَ لِقَاءنَا ائْتِ بِقُرْآنٍ غَيْرِ هَذَا أَوْ بَدِّلْهُ قُلْ مَا يَكُونُ لِي أَنْ أُبَدِّلَهُ مِن تِلْقَاء نَفْسِي إِنْ أَتَّبِعُ إِلاَّ مَا يُوحَى إِلَيَّ إِنِّي أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ يَوْمٍ عَظِيمٍ۞**<br>ငါ၏ ရှင်းလင်းထင်ရှားသော သုတ္တန်များအား ရွတ်ဖတ်ပြသောအခါ၊ ငါ့အား ဖူးတွေ့ရမည်ကို မမျှော်ကိုးသူများက "ဒီအပြင် အခြားသော ကုရ်အာန်ကျမ်းတော်ကို ယူဆောင်ခဲ့လော့၊ သို့မဟုတ် ၎င်းအား ပြောင်းလဲပစ်လော့၊"ဟု ဆိုကြ၏။ "ကျွန်ုပ်သည် ၎င်းကို ကိုယ်ပိုင်သဘောဖြင့် ပြောင်းလဲခွင့် မရှိချေ။ ကျွန်ုပ်ထံသို့ အာရုံစျာန် ဖြစ်စေသည်ကိုသာ ကျွန်ုပ်သည် လိုက်နာရ၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်အား ဖီဆန်လျှင် ဝဋ်ကြွေးဒဏ်သင့်စေမည့် နေ့ကာလကြီးအား ကျွန်ုပ်ကြောက်ရွံ့ပါ၏။"ဟု ဟောပြောလော့။[၅၃၀] |
| ၁၆။<br>✡ ၂း၇၀ | **قُل لَّوْ شَاء اللّهُ مَا تَلَوْتُهُ عَلَيْكُمْ وَلاَ أَدْرَاكُم بِهِ فَقَدْ لَبِثْتُ فِيكُمْ عُمُرًا مِّن قَبْلِهِ أَفَلاَ تَعْقِلُونَ۞**<br>ဟောလော့ "ပရမတ်ဘုရားရှင်၏ စံချိန်မပြည့်ခဲ့သော်၊✡ ၎င်းကို သင်တို့ထံ၌ ကျွန်ုပ် ရွတ်ပြမည် မဟုတ်၊ သို့မဟုတ် ၎င်းမှ တစ်စုံတစ်ရာကိုသော်မျှ သင်တို့အား သွန်သင်မည် မဟုတ်ချေ။ ဤမတိုင်မီက ကျွန်ုပ်သည် သင်တို့နှင့်အတူ တစ်သက်လုံးနေခဲ့ပြီးပြီ၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော။" |
| ၁၇။ | **فَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللّهِ كَذِبًا أَوْ كَذَّبَ بِآيَاتِهِ إِنَّهُ لاَ يُفْلِحُ الْمُجْرِمُونَ۞**<br>ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံလီဆယ်သူ၊ အရှင်၏ သုတ္တန်တော်များကို ငြင်းဆန်သူထက် မည်သူက ပိုမိုအမိုက်စီးဘိသနည်း၊ ရာဇဝတ်ကောင်များသည်ကား အောင်မြင်ပေါက်မြောက်သည် ဟူ၍ မရှိချေ။ |
| ၁၈။ | **وَيَعْبُدُونَ مِن دُونِ اللّهِ مَا لاَ يَضُرُّهُمْ وَلاَ يَنفَعُهُمْ وَيَقُولُونَ هَؤُلاء شُفَعَاؤُنَا عِندَ اللّهِ قُلْ أَتُنَبِّئُونَ اللّهَ بِمَا لاَ يَعْلَمُ فِي السَّمَاوَاتِ وَلاَ فِي الأَرْضِ سُبْحَانَهُ وَتَعَالَى عَمَّا يُشْرِكُونَ۞**<br>သူတို့အား အဆိုး၊ အကျိုးမပြုနိုင်သော အရာများကို ပရမတ်ဘုရားရှင်နှင့် ဂုဏ်ပြိုင်လျှက် ကိုးကွယ်ကြကုန်၍၊ "ဤသည်တို့မှာ ပရမတ်ဘုရားရှင်၏ထံပါး၌ ကျွန်ုပ်တို့အတွက် ကိုယ်စားပြုပေးပါမည်၊"ဟု ပြောဆိုကြ၏။ "မိုးများနှင့် မြေကမ္ဘာ၌ ပရမတ်ဘုရားရှင် မသိသော အရာရှိသည်ဟု ဆင့်ပြန်လိုကြသလော၊"ဟု မေးမြန်းလော့။ အရှင်သည် အတုမဲ့ဖြစ်တော်မူ၏၊ သင်တို့ ရောပြွန်းကိုးကွယ်သည်များထက် သာလွန်မြင့်မြတ်ပေ၏။[၅၃၁] |

---

**(၅၃၀)** ကုရ်အာန်ကျမ်းတော်အား ကိုယ်တော်မုဟမ္မဒ်၏ နောက်ကွယ်တွင်မှ လိုက်လံစုဆောင်းသည် ဟုလည်းကောင်း၊ ကျမ်းတော်သည် ကိုယ်တော်မုဟမ္မဒ်၏ သဘောဖြင့် စီကုံးထားသည် ဟုလည်းကောင်း စွပ်စွဲချက်များကို ဤသုတ်တော်က ကတိပြတ် ပယ်ချထားပေသည်။ ကျမ်းတော်သည် လူ့လက်ရာဝင်ထားသော ကျမ်းတော်မဟုတ်သည့်အပြင်၊ ကိုယ်တော်မုဟမ္မဒ်ကိုယ်တိုင်လည်း ဥပဒေ၏ အပေါ်မှ ရှိနေခြင်း မဟုတ်ချေ။ ကိုယ်တော် မုဟမ္မဒ်ကိုယ်တိုင်လည်း ကျမ်းတော်ပါ ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရပေသည်။ မည်သည့် ဘာသာရေး ခေါင်းဆောင်သည်မှ အချုပ်အခြာ ပိုင်ဆိုင်သော ပရမတ်ဘုရားရှင်အဖြစ် မိမိကိုယ် မိမိထင်မှတ်သည်ဟူ၍ မရှိကြောင်း၊ အချို့သော အယူအဆ လွဲမှားမှုများသည် နောက်ပေါ်ဂိုဏ်းများ ကြောင့်သာ ဖြစ်ကြောင်းကို ဤသုတ်တော်အားဖြင့် အစ္စလာမ်က လူသားအပေါင်းအား ပြန်လည် သတိပေးပေးခြင်းလည်း ဖြစ်ပေသည်။

**(၅၃၁)** အစ္စလာမ်သာသနာသည် ပုဂ္ဂိုလ်ရေး ကိုးကွယ်ဆည်းကပ်မှုကို လုံးဝ လက်မခံသည့်အပြင်၊ လူသားတို့နှင့် ပရမတ်ဘုရားရှင်၏အကြား ကြားဝင် ဆောင်ရွက်ပေးသယောင် ဖန်တီးထားသော ဘာသာရေး လူတန်းစား လက္ခဏာကိုလည်း လုံးဝ လက်မခံကြောင်း ဤသုတ်တော်မှ ပြတ်သားစွာ ဖေါ်ပြပေသည်။ ထို့ကြောင့် အစ္စလာမ် သာသနာဝင်များ အနေဖြင့် ပုဂ္ဂိုလ်ရေး ချည်းကပ်မှုများအား လုံးဝ ပစ်ပယ်ရမည် ဖြစ်ပေသည်။

၁၉။ وَمَا كَانَ النَّاسُ إِلاَّ أُمَّةً وَاحِدَةً فَاخْتَلَفُواْ وَلَوْلاَ كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِيَ بَيْنَهُمْ فِيمَا فِيهِ يَخْتَلِفُونَ۞

လူသားသည် တစ်မျိုးတစ်စားတည်းမျှသာ ဖြစ်၏။ ထို့နောက်မှ ငြင်းခုံကွဲပြားကြကုန်၏။ သင့်ကံကြမ္မာရှင်၏ ထံတော်မှ ဓမ္မတော် မသတ်မှတ်ခဲ့ပြီးလျှင်၊ သူတို့၏ကြားမှ ကွဲပြား ခြားနားမှုကို အဆုံးအဖြတ်ပေးပြီး ဖြစ်လတ္တံ့။[၅၃၂]

၂၀။ وَيَقُولُونَ لَوْلاَ أُنزِلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ فَقُلْ إِنَّمَا الْغَيْبُ لِلّهِ فَانْتَظِرُواْ إِنِّي مَعَكُم مِّنَ الْمُنتَظِرِينَ۞

"သူ့ထံသို့ သူ၏ကံကြမ္မာရှင်မှ နိမိတ်လက္ခဏာတစ်ပါး အဘယ်ကြောင့် မချမှတ်ပေးသနည်း၊"ဟု မေးသူတို့အား၊ ဟောလော့၊ "စက္ခုလွန်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ထို့ကြောင့် စောင့်ကြည့်နေလော့၊ ကျွန်ုပ်လည်း သင်တို့နှင့်အတူ စောင့်ကြည်နေသူပင် ဖြစ်၏။"

၂၁။ وَإِذَا أَذَقْنَا النَّاسَ رَحْمَةً مِّن بَعْدِ ضَرَّاء مَسَّتْهُمْ إِذَا لَهُم مَّكْرٌ فِي آيَاتِنَا قُلِ اللّهُ أَسْرَعُ مَكْرًا إِنَّ رُسُلَنَا يَكْتُبُونَ مَا تَمْكُرُونَ۞

ဒုက္ခဆင်းရဲ ထိသက်ပြီးနောက် လူသားတို့အား ငါ၏ ကရုဏာတော်ကို မြည်းစမ်းစေသောအခါ၊ ငါ၏ သုတ္တန်တော်

လျှင်မြန် များကို ဆန့်ကျင်ရန် ကြံစည်ကြ၏။ ဟောကြားလော့ "ပရမတ်ဘုရားရှင်သည် ကြံစည်ရာ၌ **လက်ဦး**တော်မူ၏၊"

ကေန်ပင် ငါ၏ ဉာဏ်စဉ်ဆောင်များသည် ကြံစည်မှုများကို မှတ်တမ်းတင်နေကြ၏။

၂၂။ هُوَ الَّذِي يُسَيِّرُكُمْ فِي الْبَرِّ وَالْبَحْرِ حَتَّى إِذَا كُنتُمْ فِي الْفُلْكِ وَجَرَيْنَ بِهِم بِرِيحٍ طَيِّبَةٍ وَفَرِحُواْ بِهَا جَاءتْهَا رِيحٌ عَاصِفٌ وَجَاءهُمُ الْمَوْجُ مِن كُلِّ مَكَانٍ وَظَنُّواْ أَنَّهُمْ أُحِيطَ بِهِمْ دَعَوُاْ اللّهَ مُخْلِصِينَ لَهُ الدِّينَ لَئِنْ أَنجَيْتَنَا مِنْ هَذِهِ لَنَكُونَنِّ مِنَ الشَّاكِرِينَ۞

အရှင်သည် သင်တို့အား ရေ၊ မြေ နှစ်ပါး၌ သွားလာနိုင်စေ၏၊ လှေသင်္ဘောများကို စီးနင်းလျှက်၊ လေသင့်သောအခါ ၎င်းတို့သည် ကောင်းစွာသွားလာကြ၍။ ပျော်ပိုက်ကြည်နူးကြကုန်၏။ ထို့နောက် လေကြမ်းမုန်းတိုင်း တိုက်ခတ်လာ၍၊ လှိုင်းတံပိုးများသည် အဘက်ဘက်မှ လွှမ်းခြုံလာသည်ဟု ထင်မှတ်ကြသော်၊ အရှင့်ကိုသာ သီးသန့် တိုင်တည်လျှက်– ပရမတ်ဘုရားရှင်၌ ဆုတောင်းပန်ထွာကြသည်မှာ "ဤအခြေအနေမှ ကယ်တင်ပါလျှင်၊ တပည့်တော်တို့သည် ကျေးဇူး သိတတ်သူများ၏ အနက်မှ ဖြစ်ရချေမည်။"ဟု ဖြစ်၏။

၂၃။ فَلَمَّا أَنجَاهُمْ إِذَا هُمْ يَبْغُونَ فِي الأَرْضِ بِغَيْرِ الْحَقِّ يَا أَيُّهَا النَّاسُ إِنَّمَا بَغْيُكُمْ عَلَى أَنفُسِكُم مَّتَاعَ الْحَيَاةِ الدُّنْيَا ثُمَّ إِلَينَا مَرْجِعُكُمْ فَنُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞

သို့သော် သူတို့အား ကယ်နုတ်လိုက်သည်နှင့် သူတို့သည် မြေကမ္ဘာ၌ သစ္စာမဲ့စွာ အဖျက်အနှောင့်ကို ပြုကြ၏။ အိုလူသားတို့၊ သင်တို့၏ ပုန်ကန်မှုသည် သင့်တို့၏ စရိုက်အတွက်သာ ဖြစ်၏။ သင်တို့သည် လောကီဘဝ၌ စံစားပြီးနောက် ငါ့ထံသို့သာ ပြန်ခဲ့ရမည်ပင်၊ ထို့အခါ သင်တို့၏ ကျင့်ကြံခဲ့သမျှကို ဆင့်ပြန်ခံရမည်ပင်။

၂၄။ إِنَّمَا مَثَلُ الْحَيَاةِ الدُّنْيَا كَمَاء أَنزَلْنَاهُ مِنَ السَّمَاء فَاخْتَلَطَ بِهِ نَبَاتُ الأَرْضِ مِمَّا يَأْكُلُ النَّاسُ وَالأَنْعَامُ حَتَّىَ إِذَا أَخَذَتِ الأَرْضُ زُخْرُفَهَا وَازَّيَّنَتْ وَظَنَّ أَهْلُهَا أَنَّهُمْ قَادِرُونَ عَلَيْهَآ أَتَاهَا أَمْرُنَا لَيْلاً أَوْ نَهَارًا

---

(၅၃၂) ဤသုတ်တော်ကို သေချာစွာ ဆင်ခြင်ကြည့်လျှင်၊ ပရတ်ဘုရားရှင်၏ သဘာဝနှင့် လောကဓမ္မအကြောင်းကို သဘောပေါက်နိုင်ရာပေသည်။ ပရမတ်ဘုရားရှင်သည် အရာရာအား စည်းချိန်ချမှတ် ဖြစ်တည်စေသော အရှင်ဖြစ်သော်လည်း၊ ဖြစ်ချင်တိုင်း ဖြစ်စေသော ဥံဖွ နတ်ဘုရားကြီး မဟုတ်ချေ။ ဖြစ်တည်လာစေမည့် အရာများ၏ စည်းချိန်အား ချမှတ်ပြီးသား ဖြစ်ပေသည်။ ကောင်းမှုအတွက် ကောင်းကျိုး၊ ဆိုးမှုအတွက် ဆိုးကျိုး သက်ရောက်မှုများသည် သတ်မှတ်သော ကာလ အတိုင်းအတာကို ကြိုတင်ပြဋ္ဌာန်းပြီး ဖြစ်ပေသည်။ လူသားတို့ ပြုပြင်နိုင်ရန် အချိန်လည်း ဖြစ်ပေသည်။ အဆိုးတစ်ခုကို ပြုလုပ်တိုင်း ချက်ချင်း တန်ပြန်လေလျှင် လောက၌ သက်ရှိသတ္တဝါဟူ၍ ကျန်တော့မည် မဟုတ်ချေ။

| | |
|---|---|
| | **فَجَعَلْنَاهَا حَصِيدًا كَأَن لَّمْ تَغْنَ بِالأَمْسِ كَذَلِكَ نُفَصِّلُ الآيَاتِ لِقَوْمٍ يَتَفَكَّرُونَ۞**<br>ဤလောကီဘဝ၏ ဥပမာသည်ကား၊ လူနှင့် တိရိစ္ဆာန်များ၏ ရိက္ခာအတွက် အပင်မျိုးစုံကို ပေါက်စေရန်၊ ငါအရှင် သွန်းရွာစေသည့် ကောင်းကင်မှ မိုးရေကဲ့သို့ ဖြစ်၏။ ကမ္ဘာမြေကြီးသည် လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်၍၊ ကမ္ဘာ သားတို့က ၎င်းကို အစိုးရသည်ဟု ထင်မှတ်ကြ၏။ ငါ၏ စီမံချက်သည် ညချင်း နေ့ချင်း ဆိုက်ရောက်လာလျှက်၊ ယခင် နေ့များက ထိုအရာများ မရှိခဲ့ သကဲ့သို့ လုံးဝ မျိုးတုံးသွားစေ၏။ ငါသည် ဤနည်းဖြင့် စဉ်းစားဆင်ခြင်သူများ အတွက် သုတ္တန်တော်များကို အဖြေမှန်ထုတ်ပေးတော်မူ၏။ |
| ၂၅။<br><br>၂း၇၀ | **وَاللهُ يَدْعُو إِلَى دَارِ السَّلاَمِ وَيَهْدِي مَن يَشَاء إِلَى صِرَاطٍ مُّسْتَقِيمٍ۞**<br>ပရမတ်ဘုရားရှင်သည် သင်တို့အား သန္တိသုခ ဗိမာန်သို့ ဖိတ်ခေါ်တော်မူ၏။ စံချိန်ပြည့်သူအား ဖြောင့်မတ်မှန်ကန် သော လမ်းစဉ်သို့ ညွှန်တော်မူ၏။ |
| ၂၆။<br><br>သာယာ<br>သောဘာ | **لِّلَّذِينَ أَحْسَنُواْ الْحُسْنَى وَزِيَادَةٌ وَلاَ يَرْهَقُ وُجُوهَهُمْ قَتَرٌ وَلاَ ذِلَّةٌ أُوْلَئِكَ أَصْحَابُ الْجَنَّةِ هُمْ فِيهَا خَالِدُونَ۞**<br>ကောင်းမွန်စွာ ကျင့်ကြံသူများအတွက် ကောင်းမွန်သော ခံစားမှုရှိစေ၍၊ အကျိုးဆပွားတိုးမည်ပင်။ သူတို့၏ မျက်နှာ များ၌ ဖေါက်ပြန်ခြင်း၊ အသရေမဲ့ခြင်းများ မရှိချေ။ သူတို့သည် **သုခဘုံ**၏ အဖေါ်မွန်များဖြစ်ကြ၍၊ ထို၌ ကာလမဲ့စံစား ရမည်ပင်။ |
| ၂၇။<br><br>စစ်ပွဲ | **وَالَّذِينَ كَسَبُواْ السَّيِّئَاتِ جَزَاء سَيِّئَةٍ بِمِثْلِهَا وَتَرْهَقُهُمْ ذِلَّةٌ مَّا لَهُم مِّنَ اللهِ مِنْ عَاصِمٍ كَأَنَّمَا أُغْشِيَتْ وُجُوهُهُمْ قِطَعًا مِّنَ اللَّيْلِ مُظْلِمًا أُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞**<br>အကုသိုလ်မှုကို ဆည်းပူးသူတို့အတွက်မူ၊ ၎င်းနှင့် ပမာတူသော အကုသိုလ်သင့်မှုသာရှိ၍။ အရှက်ကွဲရခြင်းသည် ရှိ၏။ ပရမတ်ဘုရားရှင်နှင့် ဆန့်ကျင်၍ သူတို့အား ကာကွယ်နိုင်သူ မရှိချေ။ သူတို့၏ မျက်နှာများမှာ ညကြီးမိုက်နေ သကဲ့သို့ မှုန်ကုတ် ဖုံးလွှမ်းလျှက်ရှိ၏။ သူတို့သည် **အပူမီး**၏ အဖေါ်မွန်များဖြစ်ကြလျှက် ထို၌ ရှည်စွာ ခံစားရမည်ပင်။ |
| ၂၈။ | **وَيَوْمَ نَحْشُرُهُمْ جَمِيعًا ثُمَّ نَقُولُ لِلَّذِينَ أَشْرَكُواْ مَكَانَكُمْ أَنتُمْ وَشُرَكَآؤُكُمْ فَزَيَّلْنَا بَيْنَهُمْ وَقَالَ شُرَكَآؤُهُم مَّا كُنتُمْ إِيَّانَا تَعْبُدُونَ۞**<br>အလုံးစုံအား စုဆုံစေသော နေ့ကာလ၌၊ ရောပြွန်းကိုးကွယ်သူတို့အား "သင်တို့နှင့် သင်တို့၏ ရောပြွန်းကိုးကွယ်ခံ များမှာ သီးခြားနေလော့၊" ဟု မိန့်တော်မူ၍၊ သီးခြား ခွဲပစ်တော်မူအံ့။ ထိုအခါ၊ သူတို့၏ ရောပြွန်းကိုးကွယ်ခံများက ဆိုကြမည်မှာ "သင်တို့သည် ကျွန်ုပ်တို့အား ကိုးကွယ်ခဲ့သည် မဟုတ်– |
| ၂၉။ | **فَكَفَى بِاللهِ شَهِيدًا بَيْنَنَا وَبَيْنَكُمْ إِن كُنَّا عَنْ عِبَادَتِكُمْ لَغَافِلِينَ۞**<br>–ကျွန်ုပ်တို့သည် သင်တို့၏ ကိုးကွယ်ခြင်းအား အလေးမထားကြောင်းကို သင်တို့နှင့် ကျွန်ုပ်တို့အကြား ပရမတ် ဘုရားရှင်သည် သက်သေအဖြစ် လုံလောက်တော်မူ၏။" |
| ၃၀။<br><br>ကိုးကွယ်<br>ခံများ | **هُنَالِكَ تَبْلُو كُلُّ نَفْسٍ مَّا أَسْلَفَتْ وَرُدُّواْ إِلَى اللهِ مَوْلاَهُمُ الْحَقِّ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ۞**<br>၎င်းသည် စရိုက်ကိုယ်စီ သူတို့ ကျော်ဖြတ်ခဲ့ခြင်းအား စစ်ဆေးခြင်းခံရချိန် ဖြစ်၍။ သူတို့၏ အမှန်တကယ် ကွပ်ကဲ သူဖြစ်သည့် ပရမတ်ဘုရားရှင်၏ထံသို့ လှည့်ပြန်ရတော့၏၊ သူတို့ **လုပ်ကြံဖန်တီးခဲ့သော အရာများ**သည် သူတို့နှင့် ကင်းကွာရလေပြီ။ |
| ၃၁။ | **قُلْ مَن يَرْزُقُكُم مِّنَ السَّمَاء وَالأَرْضِ أَمَّن يَمْلِكُ السَّمْعَ والأَبْصَارَ وَمَن يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَيُخْرِجُ الْمَيَّتَ مِنَ الْحَيِّ وَمَن يُدَبِّرُ الأَمْرَ فَسَيَقُولُونَ اللهُ فَقُلْ أَفَلاَ تَتَّقُونَ۞** |

| | |
|---|---|
| | “သင်တို့အား မိုးများနှင့် မြေမှ စားရေရိက္ခာကို မည်သူပေးသနည်း။ ကြားခြင်း မြင်ခြင်းဂုဏ်ကို မည်သူ ပိုင်စိုးသနည်း။ သက်မဲ့မှ သက်ရှိသို့ မည်သူထုတ်ပေးသနည်း၊ သက်ရှိမှ သက်မဲ့သို့ မည်သူထုတ်ပေးသနည်း။ သဗ္ဗလုံးစုံအား မည်သူ ထိမ်းညွှန်သနည်း၊”ဟု မေးသော်၊ “ပရမတ်ဘုရားရှင်ပင် ဖြစ်၏၊”ဟု ဆိုကြလိမ့်မည်။ “သို့ဖြစ်လျှင် စည်းစောင့်ကြမည်လော၊”ဟု မေးမြန်းလော့။ |
| ၃၂။ | **فَذَلِكُمُ اللّهُ رَبُّكُمُ الْحَقُّ فَمَاذَا بَعْدَ الْحَقِّ إِلاَّ الضَّلاَلُ فَأَنَّى تُصْرَفُونَ**۞<br>သို့ဖြင့် သင်တို့၏ ဤပရမတ်ဘုရားရှင်သည် သင်တို့၏ မှန်ကန်သော ကံကြမ္မာရှင် ဖြစ်၏။ ထိုသစ္စာတရားမှအပ အပါယ်လမ်းစဉ်များသာရှိ၍၊ သင်တို့မှာ မည်သို့ ပမာမခန့်ပြုနိုင်အံ့နည်း။ |
| ၃၃။ | **كَذَلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِينَ فَسَقُواْ أَنَّهُمْ لاَ يُؤْمِنُونَ**۞<br>ဤသို့–သင့်ကံကြမ္မာရှင်၏ မုက္ခပါတ်တော်သည် ယုတ်မာသူများအား ကွက်ကွက်ကွင်းကွင်း ပေါ်လွင်စေ၏၊ သူတို့သည် သက်ဝင်ယုံကြည်ကြမည် မဟုတ်ချေ။ |
| ၃၄။<br><br>၂း၂၈ | **قُلْ هَلْ مِن شُرَكَآئِكُم مَّن يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ قُلِ اللّهُ يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ فَأَنَّى تُؤْفَكُونَ**۞<br>“သင်တို့၏ ရောပြွန်းကိုးကွယ်ခံများမှ **ဖြစ်တည်မှုကို** စတည်ခြင်း၊ ထပ်မံစီမံခြင်းကို ပြုနိုင်သူ ရှိလေသလော၊”ဟု မေးမြန်း၍၊ ဟောလော့ “ပရမတ်ဘုရားရှင်သည် **ဖြစ်တည်မှုကို** စတည်၏။ တဖန် ထပ်ဆင့်စီမံ၏။ သို့တိုင် သင်တို့သည် သွေဖီလိုကြသလော။” |
| ၃၅။ | **قُلْ هَلْ مِن شُرَكَآئِكُم مَّن يَهْدِي إِلَى الْحَقِّ قُلِ اللّهُ يَهْدِي لِلْحَقِّ أَفَمَن يَهْدِي إِلَى الْحَقِّ أَحَقُّ أَن يُتَّبَعَ أَمَّن لاَّ يَهِدِّيَ إِلاَّ أَن يُهْدَى فَمَا لَكُمْ كَيْفَ تَحْكُمُونَ**۞<br>“သင်တို့၏ ရောပြွန်းကိုးကွယ်ခံများမှ ပရမတ္ထသစ္စာအား ညွှန်ပြနိုင်သူ ရှိလေသလော၊”ဟု မေးမြန်း၍၊ ဟောလော့ “ပရမတ်ဘုရားရှင်သည်သာ ပရမတ္ထသစ္စာအား ညွှန်ပြတော်မူ၏။ သစ္စာတရားအား လမ်းညွှန်နိုင်သည့် အရှင်ကိုသာ အမှန်အကန် လိုက်နာသင့်သလော၊ လမ်းမညွှန်နိုင် ကိုယ်တိုင် လမ်းညွှန်လိုအပ်သူအား လိုက်နာသင့်သလော၊ သင်တို့၏ အဆုံးအဖြတ်သည် မည်သို့ရှိအံ့နည်း။” |
| ၃၆။ | **وَمَا يَتَّبِعُ أَكْثَرُهُمْ إِلاَّ ظَنًّا إَنَّ الظَّنَّ لاَ يُغْنِي مِنَ الْحَقِّ شَيْئًا إِنَّ اللّهَ عَلَيمٌ بِمَا يَفْعَلُونَ**۞<br>သူတို့မှ အများစုသည် ထင်မြင်ချက်ကိုသာ လိုက်နာနေကြ၏။ ထင်မြင်ချက်သည် သစ္စာတရားအား မဖုံးလွှမ်းနိုင်ချေ။ ကေပန် ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှအား ကုန်စင်သိနေတော်မူ၏။ |
| ၃၇။<br><br>အသေး စိတ် ရှင်းလင်း သော | **وَمَا كَانَ هَذَا الْقُرْآنُ أَن يُفْتَرَى مِن دُونِ اللّهِ وَلَكِن تَصْدِيقَ الَّذِي بَيْنَ يَدَيْهِ وَتَفْصِيلَ الْكِتَابِ لاَ رَيْبَ فِيهِ مِن رَّبِّ الْعَالَمِينَ**۞<br>ဤကုရ်အာန်ကျမ်းတော်သည် ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်လျှက် အခြားသူက ဖန်တီးနိုင်သည် မဟုတ်။ သို့သော် ၎င်းသည် ရှေးမှ လက်စွဲကျမ်းများကို ဖြောင့်မှန်စေ၍၊ **အကျယ်ဖွင့်**ကျမ်းတော် ဖြစ်၏၊ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံတော်မှ ဖြစ်၍၊ သံသယဝင်နိုင်ဘွယ် အလျှဉ်းမရှိပေ။ |
| ၃၈။<br><br>ကိုယ် တော်က<br>၂း၂၃ | **أَمْ يَقُولُونَ افْتَرَاهُ قُلْ فَأْتُواْ بِسُورَةٍ مِّثْلِهِ وَادْعُواْ مَنِ اسْتَطَعْتُم مِّن دُونِ اللّهِ إِن كُنتُمْ صَادِقِينَ**۞<br>သို့မဟုတ် “၎င်းကို **သူက** ဖန်တီးထားသည်၊”ဟု ဆိုချင်ကြသလော၊ “သို့ဖြစ်က သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်ဘက်များကို ဖိတ်ခေါ်လျှက် ဤမှ ဓမ္မခန္ဓာတစ်ပါး ကဲ့သို့ ထုတ်လုပ်ကြလော့၊”ဟု တောင်းဆိုလော့။ |
| ၃၉။ | **بَلْ كَذَّبُواْ بِمَا لَمْ يُحِيطُواْ بِعِلْمِهِ وَلَمَّا يَأْتِهِمْ تَأْوِيلُهُ كَذَلِكَ كَذَّبَ الَّذِينَ مِن قَبْلِهِمْ فَانظُرْ كَيْفَ كَانَ عَاقِبَةُ** |

| | |
|---|---|
| | **الظَّالِمِينَ۞**<br>အမှန်မှာ သူတို့သည် နားလည်နိုင်သော အသိပညာ မရှိဘဲလျက်၊ ကျိုးကြောင်းသင့် သဘောမပေါက်မီ ၎င်းကို ငြင်းဆန်ကြကုန်၏။ သူတို့မတိုင်မီ မျိုးဆက်များက ငြင်းဆန်ခဲ့ သကဲ့သို့ပင် ဖြစ်၏။ သို့ဖြစ်၍၊ အမိုက်စီးသူများ၏ ဇာတ်သိမ်းကို စောင့်ကြည့်ကြကုန်လော့။ |
| ၄၀။ | **وَمِنهُم مَّن يُؤْمِنُ بِهِ وَمِنْهُم مَّن لاَّ يُؤْمِنُ بِهِ وَرَبُّكَ أَعْلَمُ بِالْمُفْسِدِينَ۞**<br>သူတို့အနက် ၎င်းကို ယုံကြည်သူလည်း ရှိ၏၊ မယုံကြည်သူများလည်း ရှိ၏။ သင်၏ ကံကြမ္မာရှင်သည် အဖျက်ကောင်များအား ကုန်စင်သိနေတော်မူ၏။ |
| ၄၁။ | **وَإِن كَذَّبُوكَ فَقُل لِّي عَمَلِي وَلَكُمْ عَمَلُكُمْ أَنتُمْ بَرِيئُونَ مِمَّا أَعْمَلُ وَأَنَاْ بَرِيءٌ مِّمَّا تَعْمَلُونَ۞**<br>သင့်အား ငြင်းဆန်ကြလျှင်၊ ဟောလော့ "ကျွန်ုပ် ကျင့်ကြံမှုသည် ကျွန်ုပ် အတွက်၊ သင်တို့ ကျင့်ကြံမှုသည် သင်တို့၏ အတွက်ပင်။ သင်တို့သည် ကျွန်ုပ်၏ ကျင့်ကြံမှုအတွက် တာဝန်မရှိ။ ကျွန်ုပ်သည်လည်း သင်တို့၏ ကျင့်ကြံမှု အတွက် တာဝန်မရှိချေ။" |
| ၄၂။ | **وَمِنْهُم مَّن يَسْتَمِعُونَ إِلَيْكَ أَفَأَنتَ تُسْمِعُ الصُّمَّ وَلَوْ كَانُواْ لاَ يَعْقِلُونَ۞**<br>သူတို့အနက် သင့်အား နားစွင့်သူများလည်း ရှိ၏။ သို့သော် အတွေးအခေါ်မရှိ၊ နားပင်းနေသူအား အသင်သည် ကြားအောင်ပြုနိုင်သလော။ |
| ၄၃။ | **وَمِنهُم مَّن يَنظُرُ إِلَيْكَ أَفَأَنتَ تَهْدِي الْعُمْيَ وَلَوْ كَانُواْ لاَ يُبْصِرُونَ۞**<br>သူတို့အနက် သင့်အား ကြည့်နေသူများလည်း ရှိ၏၊ သို့သော် မြင်နိုင်စွမ်း မရှိဘဲ၊ ကန်းနေသူများအား အသင်သည် လမ်းညွှန်ပြနိုင်လေသလော။ |
| ၄၄။ | **إِنَّ اللّهَ لاَ يَظْلِمُ النَّاسَ شَيْئًا وَلَكِنَّ النَّاسَ أَنفُسَهُمْ يَظْلِمُونَ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် လူသားအား စိုးစဉ်းမျှ အမိုက်သင့်စေသည် မဟုတ်၊ သို့သော် လူသားသည် မိမိတို့၏ စရိုက်ကိုသာ မိမိတို့ အမိုက်သင့်စေကြကုန်၏။ |
| ၄၅။ | **وَيَوْمَ يَحْشُرُهُمْ كَأَن لَّمْ يَلْبَثُواْ إِلاَّ سَاعَةً مِّنَ النَّهَارِ يَتَعَارَفُونَ بَيْنَهُمْ قَدْ خَسِرَ الَّذِينَ كَذَّبُواْ بِلِقَاء اللّهِ وَمَا كَانُواْ مُهْتَدِينَ۞**<br>သူတိုအား စုဆောင်းသော နေ့ကာလ၌ သူတို့သည် တစ်နေ့တာ၏ တစ်နာရီခန့်သာ သက်တမ်းရှိခဲ့သည်ဟု ခံစားရ၍၊ အချင်းချင်း မှတ်မိနေကြလတ္တံ့။ ပရမတ်ဘုရားရှင်အား ဖူးတွေ့ရမည်ကို လက်မခံ၊ လမ်းညွှန်ခြင်းလည်း မခံရသူတို့မှာ မုကား ပျက်စီးဆုံးရှုံးရလတ္တံ့။ |
| ၄၆။ | **وَإِمَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِلَيْنَا مَرْجِعُهُمْ ثُمَّ اللّهُ شَهِيدٌ عَلَى مَا يَفْعَلُونَ۞**<br>ငါသည် သူတို့အား ကတိထားသည်များကို သင့်အား ပြသသည် ဖြစ်စေ၊ ထိုမတိုင်မီ ကွယ်လွန် အနိစ္စရောက်စေသည် ဖြစ်စေ၊ သူတို့၏ အပြန်လမ်းသည် ငါ၏ထံသို့သာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှအား အသိသက်သေ ဖြစ်တော်မူ၏။ |

| | |
|---|---|
| ၄၇။ | وَلِكُلِّ أُمَّةٍ رَّسُولٌ فَإِذَا جَاء رَسُولُهُمْ قُضِيَ بَيْنَهُم بِالْقِسْطِ وَهُمْ لاَ يُظْلَمُونَ۝<br>လူအသိုင်းအဝိုင်းတိုင်းအတွက် ဥဏ်စဉ်တော်ဆောင်သည် ရှိ၏။[၅၃၃] သူတို့အတွက် ဥဏ်စဉ်ဆောင် ရောက်ရှိလာပြီးနောက်၊ သူတို့အား သမမျှတစွာ စီရင်ဆုံးဖြတ်လေ၏။ သူတို့အား အမိုက်သင့်စေသည် မဟုတ်ချေ။ |
| ၄၈။<br>နိမိတ် | وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۝<br>"သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ဤ **ကတိ**တော်သည် မည်သည့် အခါတွင် ဆိုက်ရောက်မည်နည်း၊"ဟု မေးမြန်းကြ၏။ |
| ၄၉။<br>၂း၇၀<br>☆၇း၃၄ | قُل لاَّ أَمْلِكُ لِنَفْسِي ضَرًّا وَلاَ نَفْعًا إِلاَّ مَا شَاء اللّهُ لِكُلِّ أُمَّةٍ أَجَلٌ إِذَا جَاء أَجَلُهُمْ فَلاَ يَسْتَأْخِرُونَ سَاعَةً وَلاَ يَسْتَقْدِمُونَ۝<br>ဟောလော့ "ပရမတ်ဘုရားရှင်ထံ၌ **စံချိန်ပြည့်မှီခြင်း** မှအပ၊ ကျွန်ုပ်သည် မိမိ၏ ဥာဉ်ကိုပင် ဆိုးကျိုး၊ ကောင်းကျိုး မပိုင်စိုးချေ။ အသိုင်းအဝိုင်းတိုင်းအတွက် သတ်မှတ်ချိန်သည် ရှိနေ၏။ သူတို့အတွက် သတ်မှတ်ချိန် စေ့ရောက်သောအခါ၊ သူတို့သည် ၎င်းအား တစ်နာရီမျှပင် ဆုတ်၍၊ တိုး၍ မရနိုင်ချေ။"☆ |
| ၅၀။ | قُلْ أَرَأَيْتُمْ إِنْ أَتَاكُمْ عَذَابُهُ بَيَاتًا أَوْ نَهَارًا مَّاذَا يَسْتَعْجِلُ مِنْهُ الْمُجْرِمُونَ۝<br>မေးမြန်းလော့၊ "အရှင်၏ ဝဋ်ကြွေးဒဏ်သည် သင်တို့ထံသို့ ညအမှောင်၌၊ သို့မဟုတ် နေ့အလင်းရောင်၌ ရောက်လာမည်ဟု သုံးသပ်မိကြသလော၊ ရာဇဝတ်ကောင်များသည် မည်သည်ကို စိတ်စောနေကြသနည်း၊" |
| ၅၁။ | أَثُمَّ إِذَا مَا وَقَعَ آمَنتُم بِهِ آلآنَ وَقَدْ كُنتُم بِهِ تَسْتَعْجِلُونَ۝<br>တဖန် သင်တို့သည် အဖြစ်အပျက် ထိသက်တော့မှ ယုံကြည်ကြမည်လော၊ ယခုမူ အဘယ်ကြောင့်နည်း၊ ၎င်း၌ သင်တို့သည် စိတ်စောခြင်း၌ ရှိနေကြသလော။ |
| ၅၂။ | ثُمَّ قِيلَ لِلَّذِينَ ظَلَمُواْ ذُوقُواْ عَذَابَ الْخُلْدِ هَلْ تُجْزَوْنَ إِلاَّ بِمَا كُنتُمْ تَكْسِبُونَ۝<br>ထို့နောက် အမိုက်စီးသော သူများအား "ဝဋ်ကြွေးအား ရှည်ကြာစွာ မြည်းစမ်းကြလော့၊ အသင်တို့ ကျင့်ဆောင်ခဲ့သည် မှအပ အခြား အကျိုးကို ပေးသလော၊"ဟု မိန့်ဆိုလတ္တံ့။ |
| ၅၃။<br>ဝဋ်ကြွေး | وَيَسْتَنبِئُونَكَ أَحَقٌّ هُوَ قُلْ إِي وَرَبِّي إِنَّهُ لَحَقٌّ وَمَا أَنتُمْ بِمُعْجِزِينَ۝<br>"**၎င်း**သည် အမှန်ပင်လော၊"ဟု ဆင့်ပြန်ကြ၏။ ပြောလော့ "မှချ၊ စင်စစ်၊ ကျွန်ုပ်၏ ကံကြမ္မာရှင်အားဖြင့်– ယင်းသည် လုံးဝမှန်ကန်၏၊ သင်တို့သည် လွတ်မြောက်နိုင်ကြမည် မဟုတ်ချေ။" |
| ၅၄။ | وَلَوْ أَنَّ لِكُلِّ نَفْسٍ ظَلَمَتْ مَا فِي الأَرْضِ لاَفْتَدَتْ بِهِ وَأَسَرُّواْ النَّدَامَةَ لَمَّا رَأَوُاْ الْعَذَابَ وَقُضِيَ بَيْنَهُم بِالْقِسْطِ وَهُمْ لاَ يُظْلَمُونَ۝<br>အမိုက်စီးသော ဥာဉ်တိုင်းသည် ကမ္ဘာပေါ်ရှိ အရာအားလုံးကို ပိုင်ဆိုင်လျှင်၊ ၎င်းကို လျော်ကြေးအဖြစ် ကမ်းလှမ်း လိုကြ၏၊ ဝဋ်ကြွေးဒဏ်ကို တွေ့သောအခါ သူတို့သည် မလုံမလဲဖြစ်ကြလိမ့်မည်၊ သို့သော် သူတို့အား သမာသမတ်ကျစွာ ဆုံးဖြတ်ပြီးချေပြီ၊ သူတို့အား အဝိဇ္ဇာ မသင့်စေခဲ့ချေ။ |

---

**(၅၃၃)** ကျမ်းမြတ်ကုရ်အာန်ကို "တရားမမျှတ" ဟု စွပ်စွဲသူများအား လွန်စွာ အံ့သြဘွယ် ကောင်းလှပေသည်။ ကျမ်းတော်သည် ကမ္ဘာပေါ်တွင် ပွင့်ပေါ်ခဲ့လေသမျှသော လူသား ပညတ်ဘုရား (ဥဏ်စဉ်တော်ဆောင်)များကို အသိအမှတ်ပြုရန်၊ တစ်ပါးနှင့် တစ်ပါး မခွဲခြားရန် နေရာပေါင်းမြောက်များစွာ၌ သွန်သင်ပေသည် (၃၅း၂၄)။ ကိုယ်တော်မုဟမ္မဒ်၊ ကိုယ်တော်ယေရှု၊ ကိုယ်တော် ဂေါတမ တို့အား တစ်ပါးနှင့် တစ်ပါး မခွဲခြားရန် သွန်သင်သော (ကုရ်အာန်မှ အပ) အခြား ကျမ်း မရှိပေ။

| | |
|---|---|
| ၅၅။ | **أَلا إِنَّ لِلّهِ مَا فِي السَّمَاوَاتِ وَالأَرْضِ أَلاَ إِنَّ وَعْدَ اللّهِ حَقٌّ وَلَكِنَّ أَكْثَرَهُمْ لاَ يَعْلَمُونَ۞**<br>မှတ်သားလော့၊ မိုးများနှင့် မြေအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ကေန်ပင် ပရမတ် ဘုရားရှင်၏ ကတိတော်သည် သစ္စာတစ်ရပ် ဖြစ်၏။ သို့ရာတွင် အများစုကြီးမှာ သိနိုင်အား မရှိကြချေ။ |
| ၅၆။ | **هُوَ يُحْيِي وَيُمِيتُ وَإِلَيْهِ تُرْجَعُونَ۞**<br>အရှင်သည် နိဗ္ဗ၊ အနိစ္စကို ဖြစ်စေ၏၊ အလုံးစုံသည် အရှင့်ထံသို့သာ ဦးလှည့်ရမည်သာတည်း။ |
| ၅၇။ | **يَا أَيُّهَا النَّاسُ قَدْ جَاءتْكُم مَّوْعِظَةٌ مِّن رَّبِّكُمْ وَشِفَاء لِّمَا فِي الصُّدُورِ وَهُدًى وَرَحْمَةٌ لِّلْمُؤْمِنِينَ۞**<br>အို လူသားတို့၊ သင်တို့ထံသို့ သင်တို့၏ ကံကြမ္မာရှင်ထံမှ အဆုံးအမတော် ရောက်ရှိလာပြီ။ စိတ်နှလုံးအတွင်းမှ ဝေဒနာအတွက် ဆေးတော်တစ်ဖုံလည်း ဖြစ်၏။ သက်ဝင်ယုံကြည်သူများအတွက် လမ်းညွှန် ကရုဏာလည်း ဖြစ်၏။ |
| ၅၈။ | **قُلْ بِفَضْلِ اللّهِ وَبِرَحْمَتِهِ فَبِذَلِكَ فَلْيَفْرَحُواْ هُوَ خَيْرٌ مِّمَّا يَجْمَعُونَ۞**<br>ဟောကြားလော့ "ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုနှင့် ကရုဏာတော်အားဖြင့်၊ ယင်းသည် သူတို့ စုဆောင်းထား သည်များထက် သာလွန်ကောင်းမြတ်၏။ |
| ၅၉။ | **قُلْ أَرَأَيْتُم مَّا أَنزَلَ اللّهُ لَكُم مِّن رِّزْقٍ فَجَعَلْتُم مِّنْهُ حَرَامًا وَحَلاَلاً قُلْ آللّهُ أَذِنَ لَكُمْ أَمْ عَلَى اللّهِ تَفْتَرُونَ۞**<br>ဟောလော့၊ "ပရမတ်ဘုရားရှင်သည် သင်တို့အား စားရေရိက္ခာမျိုးစုံ ချမှတ်ပေးတော်မူသည်၊ ၎င်းတို့အား သင်တို့ က တရားဝင်အစာ၊ တရားမဝင်အစာ ပြုလုပ်သည်များကို စီစစ်သုံးသပ်ပြီးပြီလော။" မေးမြန်းလော့ "ပရမတ် ဘုရားရှင်က ခွင့်ပြု ပြီးပြီလော၊ သို့မဟုတ် ပရမတ်ဘုရားရှင်အား အလွဲသုံးစားပြုကြသလော။" |
| ၆၀။ | **وَمَا ظَنُّ الَّذِينَ يَفْتَرُونَ عَلَى اللّهِ الْكَذِبَ يَوْمَ الْقِيَامَةِ إِنَّ اللّهَ لَذُو فَضْلٍ عَلَى النَّاسِ وَلَكِنَّ أَكْثَرَهُمْ لاَ يَشْكُرُونَ۞**<br>ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ အလွဲသုံးစားပြု လိမ်ညာသူများသည် ရပ်တည်ရမည့် နေ့ကာလကို မည်သို့ ထင် နေကြသနည်း။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လူသားကို ဂုဏ်ပေးတော်မူ၏၊ သို့ရာတွင် အများစုကြီးမှာ ကျေးဇူး မသိတတ်ချေ။ |
| ၆၁။ | **وَمَا تَكُونُ فِي شَأْنٍ وَمَا تَتْلُو مِنْهُ مِن قُرْآنٍ وَلاَ تَعْمَلُونَ مِنْ عَمَلٍ إِلاَّ كُنَّا عَلَيْكُمْ شُهُودًا إِذْ تُفِيضُونَ فِيهِ وَمَا يَعْزُبُ عَن رَّبِّكَ مِن مِّثْقَالِ ذَرَّةٍ فِي الأَرْضِ وَلاَ فِي السَّمَاء وَلاَ أَصْغَرَ مِن ذَلِكَ وَلا أَكْبَرَ إِلاَّ فِي كِتَابٍ مُّبِينٍ۞**<br>သင်တို့သည် မည်သည်ကို ဆောင်ရွက်နေသည် ဖြစ်စေ၊ ကုရ်အာန်ကျမ်းတော်၏ မည်သည့် အစိတ်အပိုင်းအား ဆင့်ပြန်နေသည် ဖြစ်စေ၊ မည်သည့် အကျင့်ကို ကျင့်ဆောင်နေသည် ဖြစ်စေ၊ ထို အလုပ်ထဲ၌ စိတ်ကို နှစ်ထားသော အခါ၊ ငါသည် မျက်မှောက်သက်သေအဖြစ် ရှိနေ၏။ မိုးများနှင့် မြေ အတွင်းဝယ်၊ အနုမြူပမာ သေးငယ်သည်ကိုပင်၊ သင့်ကံကြမ္မာရှင်၏ ထံမှ လွတ်ကင်းသည် ဟူ၍ မရှိချေ။ ထို့ထက်သေးငယ်သော အရာ၊ ကြီးသော အရာတို့အား ရှင်းလင်းစွာ မှတ်တမ်းတင်ထားသည်ပင်။ |
| ၆၂။ | **أَلا إِنَّ أَوْلِيَاء اللّهِ لاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞**<br>ပရမတ်ဘုရားရှင်၏ ကွပ်ကဲခံများမှာမူကား၊ သူတို့အပေါ်သို့ ပူဆွေးရခြင်း၊ သောကဖြစ်ရခြင်း ရှိစေမည် မဟုတ်။ |
| ၆၃။ | **الَّذِينَ آمَنُواْ وَكَانُواْ يَتَّقُونَ۞**<br>သူတို့သည် ယုံကြည်သူများဖြစ်ကြ၍၊ စည်းစောင့်သူများပင် ဖြစ်ကြ၏။ |

၆၄။ لَهُمُ الْبُشْرَى فِي الْحَياةِ الدُّنْيَا وَفِي الآخِرَةِ لاَ تَبْدِيلَ لِكَلِمَاتِ اللّهِ ذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۝

သူတို့အဘို့ ဤဘဝ နောင်ဘဝ၌ သတင်းကောင်းများ ရှိ၏။ ပရမတ်ဘုရားရှင်၏ ဓမ္မတော်များသည် ပြောင်းလဲခြင်း မရှိ။ ယင်းသည် သူတို့အတွက် မဟာ အောင်မြင်မှုပင် ဖြစ်၏။

၆၅။ وَلاَ يَحْزُنكَ قَوْلُهُمْ إِنَّ الْعِزَّةَ لِلّهِ جَمِيعًا هُوَ السَّمِيعُ الْعَلِيمُ۝

သူတို့၏ ပြောဆိုချက်များကြောင့် စိတ်မထိခိုက်လင့်၊ ဘုန်းတန်ခိုး အလုံးစုံသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်တော်မူ၏။

၆၆။ أَلا إِنَّ لِلّهِ مَن فِي السَّمَاوَات وَمَن فِي الأَرْضِ وَمَا يَتَّبِعُ الَّذِينَ يَدْعُونَ مِن دُونِ اللّهِ شُرَكَاء إِن
يَتَّبِعُونَ إِلاَّ الظَّنَّ وَإِنْ هُمْ إِلاَّ يَخْرُصُونَ۝

ကောင်းကင်၊ မိုးများနှင့် မြေအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် ရောပြွမ်းကိုးကွယ်မှုကို ရည်စူးသူတို့သည် မည်သည့်အရာ၏ နောက်လိုက်ဒကာမှ မဟုတ်ချေ။ ထင်မြင်ချက်ကိုသာ လိုက်နာနေကြကုန်၏။ သူတို့သည် မှန်းဆသူများသာ ဖြစ်ချေ၏။[၃၃၉]

၆၇။ هُوَ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِتَسْكُنُواْ فِيهِ وَالنَّهَارَ مُبْصِرًا إِنَّ فِي ذَلِكَ لآيَاتٍ لِّقَوْمٍ يَسْمَعُونَ۝

အရှင်သည် အိပ်စက်နားရာအဖြစ် ည ကို၊ အလင်းရောင်ရဘို့ရာ နေ့ကို စီမံတော်မူ၏။ ကြားနာနိုင်သူတို့အဘို့ရာ ယင်း၌ သက်သေနိမိတ်များ ပါရှိ၏။

၆၈။ قَالُواْ اتَّخَذَ اللّهُ وَلَدًا سُبْحَانَهُ هُوَ الْغَنِيُّ لَهُ مَا فِي السَّمَاوَات وَمَا فِي الأَرْضِ إِنْ عِندَكُم مِّن سُلْطَانٍ
بِهَذَا أَتقُولُونَ عَلَى اللّهِ مَا لاَ تَعْلَمُونَ۝

☆ ၂း၁၁၆ ရှု၏

"ပရမတ်ဘုရားရှင်၌ ကိုယ်ပွား☆ **ထား၏**"ဟု ပြောဆိုကြ၏။ အရှင်သည် အတုမဲ့ ဖြစ်တော်မူ၏၊ ကုံလုံပြည့်စုံဆုံး ဖြစ်တော်မူ၏၊ မိုးများနှင့် မြေအတွင်း ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာထဲ၌ ရှိနေ၏။ သင်တို့၌ ထိုသို့ စွပ်စွဲရန် အထောက်အထား မရှိချေ။ ပရမတ်ဘုရားရှင်၏ အကြောင်းအား မသိဘဲလျှက် ပြောဆိုကြကုန်သလော။

၆၉။ قُلْ إِنَّ الَّذِينَ يَفْتَرُونَ عَلَى اللّهِ الْكَذِبَ لاَ يُفْلِحُونَ۝

ပရမတ်ဘုရားရှင်နှင့် စပ်လျှဉ်း၍ လုပ်ကြံဖန်တီး၊ လီဆည်သူတို့သည် အောင်မြင်ပေါက်မြောက်ကြမည် မဟုတ်ချေ။

၇၀။ مَتَاعٌ فِي الدُّنْيَا ثُمَّ إِلَيْنَا مَرْجِعُهُمْ ثُمَّ نُذِيقُهُمُ الْعَذَابَ الشَّدِيدَ بِمَا كَانُواْ يَكْفُرُونَ۝

လောကီသက်တမ်း၌ ခွဲတမ်းခံစားမှု ရှိ၏၊ ထို့နောက် ငါ့ထံသို့သာ သူတို့ ဦးလှည့်ရမည်သာတည်း။ သူတို့၏ ဖုံးကွယ်မှု များကြောင့် ဝဋ်ကြွေးဒဏ်အား ပြတ်သားစွာ မြည်းစမ်းစေမည်ပင်။

၇၁။ وَاتْلُ عَلَيْهِمْ نَبَأَ نُوحٍ إِذْ قَالَ لِقَوْمِهِ يَا قَوْمِ إِن كَانَ كَبُرَ عَلَيْكُم مَّقَامِي وَتَذْكِيرِي بِآيَاتِ اللّهِ فَعَلَى اللّهِ
تَوَكَّلْتُ فَأَجْمِعُواْ أَمْرَكُمْ وَشُرَكَاءكُمْ ثُمَّ لاَ يَكُنْ أَمْرُكُمْ عَلَيْكُمْ غُمَّةً ثُمَّ اقْضُواْ إِلَيَّ وَلاَ تُنظِرُونِ۝

☆ ၃း၃၃

နူးဟ်၏☆ သမိုင်းရာဇဝင်ကို သူတို့အား ရွတ်ပြလော့၊ သူက သူ၏ လူမျိုးတို့အား ပြောသည်မှာ "အို–ကျွန်ုပ်၏ လူမျိုး တို့၊ သင်တို့သည် ကျွန်ုပ်၏ ရပ်တည်မှုနှင့် ကျွန်ုပ်ယုံပုံကိုးစားသော ပရမတ်ဘုရားရှင်၊ ထိုပရမတ်ဘုရားရှင်၏ သုတ္တန်

---

(၃၃၉) အစ္စလာမ်သာသနာက လူသား၏ အရေးအကြီးဆုံး ဖြစ်သည့် ဦးနှောက်ပုံအပ်မှု (ကိုးကွယ်မှု) နှင့် စပ်လျှဉ်း၍ အလွဲအချော် မရှိရစေရန် မကြာခဏ သွန်သင်ပေသည်။ လူသားသည် အမျိုးဂုဏ်ကြောင့်၊ မာနကြောင့်၊ မိရိုးဖလာ အစွဲကြောင့် အတွေးအခေါ် ထွက်ပေါက်ကို ရှာဖွေရန်၊ မတူညီသည့် အယူဝါဒများအား အကောင်းမြင်ဝါဒနှင့် လေ့လာရန် အားနည်းလျှက် မိမိ၏ ထင်မြင်ချက်ကိုသာ အမှန်ဟု တစ်ထစ်ချ စွဲမှတ်၊ ဘဝကို ကုန်ဆုံးစေသည်က များပေသည်။

| | |
|---|---|
| | များဖြင့် သတိပေးခဲ့သည်ကို ကသိကအောက် မဖြစ်လျှင်၊ သင်တို့နှင့် သင်တို့၏ ရောပြွန်းကိုးကွယ်ခံများသည် ကျန်ရှိနေသော ဝိရောဓိများကို အတူတကွ ပူးပေါင်း ဆုံးဖြတ်ကြလော့၊ ထို့နောက် ကျွန်ုပ်အား အမိန့်ချမှတ်လော့၊ စောင့်ကြည့်နေခွင့် မပြုကြလင့်– |
| ၇၂။<br>မှတ်ဆလင် | فَإِن تَوَلَّيْتُمْ فَمَا سَأَلْتُكُم مِّنْ أَجْرٍ إِنْ أَجْرِيَ إِلاَّ عَلَى اللهِ وَأُمِرْتُ أَنْ أَكُونَ مِنَ الْمُسْلِمِينَ۞<br>–အကယ်၍ သင်တို့ ဘက်လှည့်သွားကြလျှင်၊ ကျွန်ုပ်သည် သင်တို့ထံမှ အကျိုးအမြတ် မတောင်းခဲ့ချေ။ ကျွန်ုပ်အတွက် အကျိုးသည် ပရမတ်ဘုရားရှင်ထံ၌ ရှိ၏။ ကျွန်ုပ်အား **သန္တိသုခဝါဒီ**များ၏ ဘောင်၌ပါဝင်ရန် မိန့်ညွှန်ခံရ၏။” |
| ၇၃။ | فَكَذَّبُوهُ فَنَجَّيْنَاهُ وَمَن مَّعَهُ فِي الْفُلْكِ وَجَعَلْنَاهُمْ خَلاَئِفَ وَأَغْرَقْنَا الَّذِينَ كَذَّبُواْ بِآيَاتِنَا فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُنذَرِينَ۞<br>သို့သော် သူ့အား ငြင်းဆန်ကြ၏။ သို့ဖြင့် ငါသည်၊ သင်္ဘောပေါ်ရှိ သူ၊ သူနှင့် အတူရှိသူများကို ကယ်နုတ်တော်မူ၍၊ ဆက်ခံသူများအဖြစ် ခန့်အပ်စီမံတော်မူ၏။ ငါ၏ သုတ္တန်များအား ငြင်းဆန်သူတို့အား နစ်မြုပ်စေပြီ။ သတိပေးခံခဲ့ရသော သူတို့သည် မည်သို့ ဇာတ်သိမ်းသွားသည်ကို ကြည့်ရှုကြကုန်လော့။ |
| ၇၄။ | ثُمَّ بَعَثْنَا مِن بَعْدِهِ رُسُلاً إِلَى قَوْمِهِمْ فَجَآؤُوهُم بِالْبَيِّنَاتِ فَمَا كَانُواْ لِيُؤْمِنُواْ بِمَا كَذَّبُواْ بِهِ مِن قَبْلُ كَذَلِكَ نَطْبَعُ عَلَى قُلوبِ الْمُعْتَدِينَ۞<br>တဖန် သူ့နောက်တွင် သက်ဆိုင်ရာ လူမျိုးများထံ၌ ဉာဏ်စဉ်ဆောင်များကို ပွင့်ပေါ်စေတော်မူ၍၊ သူတို့ထံသို့ ရှင်းလင်းချက်များကို ရောက်ရှိစေ၏။ သို့သော် ရှေးအတိတ်က ငြင်းဆန်ခဲ့သည်ကို သူတို့သည် ယုံကြည်ကြလိမ့်မည် မဟုတ်ချေ။ ငါသည် စည်းဖေါက်သူများ၏ နှလုံးသားကို တံဆိပ်နှိပ်ထားတော်မူပြီ။ |
| ၇၅။ | ثُمَّ بَعَثْنَا مِن بَعْدِهِم مُّوسَى وَهَارُونَ إِلَى فِرْعَوْنَ وَمَلَئِهِ بِآيَاتِنَا فَاسْتَكْبَرُواْ وَكَانُواْ قَوْمًا مُّجْرِمِينَ۞<br>သူတို့၏ နောက်တွင် မူဆာနှင့် ဟာရွန်အား ဖာရိုးမင်းဆက်နှင့် သူ၏ အကြံပေးများ ထံသို့ ငါ၏ သုတ္တန်များအား ဖြင့် ပွင့်ပေါ်စေတော်မူ၏။ သို့သော် သူတို့သည် မောက်မာသော၊ ရာဇဝတ်သင့် လူမျိုးဖြစ်၏။ |
| ၇၆။ | فَلَمَّا جَاءهُمُ الْحَقُّ مِنْ عِندِنَا قَالُواْ إِنَّ هَذَا لَسِحْرٌ مُّبِينٌ۞<br>ငါ၏ထံမှ သစ္စာတရားသည် သူတို့ထံသို့ ဆိုက်ရောက်သောအခါ၊ “ဤသည် ရှင်းလင်းသော မှော်အတတ်သာ ဖြစ်၏၊”ဟု ဆိုကြ၏။ |
| ၇၇။ | قَالَ مُوسَى أَتقُولُونَ لِلْحَقِّ لَمَّا جَاءكُمْ أَسِحْرٌ هَذَا وَلاَ يُفْلِحُ السَّاحِرُونَ۞<br>မူဆာက “သင်တို့ထံသို့ သစ္စာတရား ရောက်ရှိလာသည်ကို ယင်းသို့ ပြောကြသလော၊ ဤသည် မှော်အတတ် ဖြစ်လေသလော၊ မှော်ဆရာတို့သည် အောင်မြင်ကြမည် မဟုတ်ချေ၊”ဟု ပြောဆိုသော်။ |
| ၇၈။ | قَالُواْ أَجِئْتَنَا لِتَلْفِتَنَا عَمَّا وَجَدْنَا عَلَيْهِ آبَاءنَا وَتَكُونَ لَكُمَا الْكِبْرِيَاء فِي الأَرْضِ وَمَا نَحْنُ لَكُمَا بِمُؤْمِنِينَ۞<br>သူတို့က “သင်သည် ကျွန်ုပ်တို့အား တွေ့ရှိလိုက်နာနေသော မိရိုးဖလာ အယူမှ တိမ်းပါးစေရန်၊ သို့မဟုတ် သင်တို့နှစ်ဦးသည် ဤတိုင်းပြည်၌ အကြီးအကဲဖြစ်လာရန်၊ ရောက်လာကြသလော၊ ကျွန်ုပ်တို့သည် သင်တို့အတွက် ယုံကြည်သူများ ဖြစ်လာမည် မဟုတ်ချေ။”ဟု ပြောလျှက်၊ |
| ၇၉။<br>၇း၁၁၂ | وَقَالَ فِرْعَوْنُ ائْتُونِي بِكُلِّ سَاحِرٍ عَلِيمٍ۞<br>ဖာရိုးမင်းက “မှော်အတတ် ပညာရှင် ကိုယ်စီအား ကျွန်ုပ်ထံသို့ **ခစေလော့**၊”ဟု မိန့်မြွက်၏။ |

၈၀။ فَلَمَّا جَاء السَّحَرَةُ قَالَ لَهُم مُّوسَى أَلْقُواْ مَا أَنتُم مُّلْقُونَ۞

မှော်ဆရာများ ရောက်လာသောအခါ၊ မူဆာက “အသင်တို့ ပြစရာရှိသည်ကို ပြကြလော့၊”ဟု ဆိုလိုက်၏။

၈၁။ فَلَمَّا أَلْقَواْ قَالَ مُوسَى مَا جِئْتُم بِهِ السِّحْرُ إِنَّ اللّهَ سَيُبْطِلُهُ إِنَّ اللّهَ لاَ يُصْلِحُ عَمَلَ الْمُفْسِدِينَ۞

၇း၁၁၆ သူတို့က ပြသသောအခါ၊ မူဆာက “အသင်တို့ ဆောင်ကြဉ်းခဲ့ရာသည် လှည့်စားမှုမျှသာ ဖြစ်၏၊ ပရမတ်ဘုရား
၂၀း၆၆ ရှင်က ယင်းအား အချည်းနှီး ဖြစ်စေလတ္တံ့။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အဖျက်ကောင်များ၏ ကျင့်ကြံခြင်းအား
ပြုပြင်ပြောင်းလဲစေတော် မမူချေ။

၈၂။ وَيُحِقُّ اللّهُ الْحَقَّ بِكَلِمَاتِهِ وَلَوْ كَرِهَ الْمُجْرِمُونَ۞

ရာဇဝတ်ကောင်များက မည်မျှပင် မလိုမုန်းထားသော်လည်း၊ ပရမတ်ဘုရားရှင်သည် မိမိ၏ ဓမ္မတော်အားဖြင့် သစ္စာတရားအား ပို၍ မှန်ကန်ခိုင်မာစေတော်မူ၏။”ဟု ဟောကြား၏။

၈၃။ فَمَا آمَنَ لِمُوسَى إِلاَّ ذُرِّيَّةٌ مِّن قَوْمِهِ عَلَى خَوْفٍ مِّن فِرْعَوْنَ وَمَلَئِهِمْ أَن يَفْتِنَهُمْ وَإِنَّ فِرْعَوْنَ لَعَالٍ فِي الأَرْضِ وَإِنَّهُ لَمِنَ الْمُسْرِفِينَ۞

သို့သော် သူ့လူမျိုးများထဲမှ သူ၏သားချင်းမှအပ မူဆာအား ယုံကြည်သူ မရှိချေ။ ဖာရိုးနှင့် သူ့အကြံပေးများ၏ နှိပ်ကွပ်မှုကြောင့် ကြောက်စိတ် လွှမ်းနေ၏။ ကေန်ပင် ဖာရိုးသည် တိုင်းပြည်၌ အဓိပတိ ဖြစ်၏၊ သူသည် အလွဲသုံးစားပြုသူတို့မှ ဖြစ်၏။

၈၄။ وَقَالَ مُوسَى يَا قَوْمِ إِن كُنتُمْ آمَنتُم بِاللّهِ فَعَلَيْهِ تَوَكَّلُواْ إِن كُنتُم مُّسْلِمِينَ۞

မူဆာက “အို–ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့သည် ပရမတ်ဘုရားရှင်အား ယုံကြည်သူ ဖြစ်ကြလျှင်၊ သင်တို့သည် ငြိမ်းချမ်းရေးဝါဒီများ ဖြစ်ကြလျှင်၊ အရှင့်မြတ်အား ယုံပုံ ကိုးစားကြလော့၊”ဟု ဟောကြားသော်၊

၈၅။ فَقَالُواْ عَلَى اللّهِ تَوَكَّلْنَا رَبَّنَا لاَ تَجْعَلْنَا فِتْنَةً لِّلْقَوْمِ الظَّالِمِينَ۞

သူတို့က “ပရမတ်ဘုရားရှင်၌ ကျွန်ုပ်တို့သည် ယုံပုံကိုးစားပါ၏။” “အို တပည့်တော်တို့၏ ကံကြမ္မာရှင်၊ တပည့်တော်တို့အား အဝိဇ္ဇာစီးနေသော လူမျိုးတို့၏ နှိပ်ကွပ်မှုမှ ကင်းစေတော်မူပါ–

၈၆။ وَنَجِّنَا بِرَحْمَتِكَ مِنَ الْقَوْمِ الْكَافِرِينَ۞

ဖုံးကွယ်သော လူမျိုးမှ ဝေးရန်၊ အရှင့် ကရုဏာတော်ဖြင့် တပည့်တော်တို့အား ကူညီပါ၊”ဟု ဆုတောင်း၏။

၈၇။ وَأَوْحَيْنَا إِلَى مُوسَى وَأَخِيهِ أَن تَبَوَّءَا لِقَوْمِكُمَا بِمِصْرَ بُيُوتًا وَاجْعَلُواْ بُيُوتَكُمْ قِبْلَةً وَأَقِيمُواْ الصَّلاَةَ وَبَشِّرِ الْمُؤْمِنِينَ۞

ငါက မူဆာနှင့် သူ့အစ်ကိုအား “သင်တို့၏ လူမျိုးများအတွက် အိမ်များကို အီဂျစ်၌ ဆက်ရှိစေလော့၊ သင်တို့၏ အိမ်
☆ ၂း၃ များကို ရှေ့ရှုရာ အဖြစ် ပြုကြလော့။[၅၃၅] စိတ်လေ့ကျင့်မှု မြဲကြလော့၊☆ ယုံကြည်သူများအတွက် သတင်းကောင်းကို
ပေးလော့၊”ဟု အာရုံဖြစ်စေ၏။

---

(၅၃၅) ဤသုတ်တော်မှ **قِبْلَةً ကိဗ်လာဟ်** ဆိုသော စကားမှာ မျက်နှာမူရာ အရပ်ဟု ဖြစ်၏။ “ဘုရားရှိခိုးသောအခါ မျက်နှာမူရာ အရပ်၊”ဟု ကောက်ယူလျက် ဆရာတော်ကြီးများက “ဘုရားရှိခိုးကျောင်း၊ ဝတ်ကျောင်းတော်” စသည်ဖြင့် ဘာသာပြန်ကြကာ၊ “သင်တို့၏ နေအိမ်များကို ဘုရားကျောင်းများ အဖြစ်၊ သို့မဟုတ် ဘုရားရှိခိုးရာ နေရာများ ပြုလုပ်ကြလော့၊”ဟု ပြန်ဆိုကြပေသည်။ ဤသို့ ပြန်ဆိုမှုများမှာ မှားယွင်းခြင်း မရှိနိုင်ပေ။ သို့သော် ဤသုတ်တော်၏ ရှေ့နောက်ဆက်စပ်မှုများအရ ကိုယ်တော်မူဆာနှင့် သူ၏ နောင်တော် ဟာရွန်တို့၏ စိတ်တွင် အီဂျစ်ပြည်မှ သူတို့ လူမျိုးများ အကူအညီ ကင်းမဲ့နေမှု၊ ခေါင်းဆောင်ကောင်း လိုအပ်နေမှု၊ များကို ပြန်လည် ငဲ့ကြည့်စေရန်၊ ထိုလူမျိုးများအတွက် ရည်သန်ရှေ့ရှု၍ (ရည်ရွယ်ချက်) ထား၍ အလုပ်လုပ်ရန်၊ အာရုံ ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု နားလည်နိုင်ပေသည်။ ထို့ကြောင့်လည်း သူတို့လူမျိုးများထံသို့

၈၈။ وَقَالَ مُوسَى رَبَّنَا إِنَّكَ آتَيْتَ فِرْعَوْنَ وَمَلأَهُ زِينَةً وَأَمْوَالاً فِي الْحَيَاةِ الدُّنْيَا رَبَّنَا لِيُضِلُّواْ عَن سَبِيلِكَ رَبَّنَا
اطْمِسْ عَلَى أَمْوَالِهِمْ وَاشْدُدْ عَلَى قُلُوبِهِمْ فَلاَ يُؤْمِنُواْ حَتَّى يَرَوُاْ الْعَذَابَ الأَلِيمَ۞

မူဆာက “အို ကံကြမ္မာရှင်၊ အရှင်သည် ဖာရိုးနှင့် သူ့အကြံပေးတို့အား ဤလောကီ ဘဝ၌ စည်းစိမ်နှင့် ဥစ္စာကို ပေးထား၏၊ အို ကံကြမ္မာရှင်၊ သူတို့သည် အရှင်၏ လမ်းစဉ်မှ လွဲဖယ်စေရန်ပြုနေ၏။ အို ကံကြမ္မာရှင်၊ သူတို့၏ ဥစ္စာများကို ပျက်ပြားစေတော်မူပါ။ စူးနစ်နာကျင်သော ဝဋ်ကြွေးအား တွေ့ရသည့်တိုင် ယုံကြည်ခြင်း ကင်းမဲ့စေရန် သူတို့၏ နှလုံးသားကို မာပြင်းစေတော်မူပါ၊”ဟု ဆုတောင်း၏။

၈၉။ قَالَ قَدْ أُجِيبَت دَّعْوَتُكُمَا فَاسْتَقِيمَا وَلاَ تَتَّبِعَآنِّ سَبِيلَ الَّذِينَ لاَ يَعْلَمُونَ۞

အရှင်က “အသင်တို့ ညီနောင်၏ ဆုတောင်းကို အလိုတူတော်မူပြီ၊ သင်တို့သည် ခိုင်မြဲမှုရှိလော့၊ အသိပညာမရှိသူများ၏ လမ်းစဉ်အား မလိုက်လေနှင့်၊”ဟု မိန့်မြွက်၏။

၉၀။ وَجَاوَزْنَا بِبَنِي إِسْرَائِيلَ الْبَحْرَ فَأَتْبَعَهُمْ فِرْعَوْنُ وَجُنُودُهُ بَغْيًا وَعَدْوًا حَتَّى إِذَا أَدْرَكَهُ الْغَرَقُ قَالَ آمَنتُ
أَنَّهُ لا إِلِـهَ إِلاَّ الَّذِي آمَنَتْ بِهِ بَنُو إِسْرَائِيلَ وَأَنَاْ مِنَ الْمُسْلِمِينَ۞

ငါသည် ဂျူးလူမျိုးတို့အား ပင်လယ်ကို ဖြတ်စေ၏။✡ ဖာရိုးနှင့် သူ၏ စစ်တပ်က ဒေါမာန် ရန်ညိုးဖြင့် အမှီလိုက်ကြ၏၊ ရေနစ်ဖုံးလွှမ်းခြင်း ခံရသောအခါမှ “ဂျူးလူမျိုးများ ယုံကြည်သော အရှင် ထိုအရှင်မှအပ အခြားဘုရား မရှိပါ၊ တပည့်တော် ယုံကြည်ပါပြီ၊ ကေန်ပင် တပည့်တော်သည် ငြိမ်းချမ်းရေးဝါဒီများမှ ဖြစ်ပါပြီ။”ဟု ဝန်ခံ၏။ ✡ ၂း၅၀

၉၁။ آلآنَ وَقَدْ عَصَيْتَ قَبْلُ وَكُنتَ مِنَ الْمُفْسِدِينَ۞

အလို – ယခုမှ၊ အသင်သည် အာခံခဲ့ပြီးနောက်၊ အဖျက်အနှောင့်ကောင်များမှ ဖြစ်ခဲ့ပြီးချေပြီ။

၉၂။ فَالْيَوْمَ نُنَجِّيكَ بِبَدَنِكَ لِتَكُونَ لِمَنْ خَلْفَكَ آيَةً وَإِنَّ كَثِيرًا مِّنَ النَّاسِ عَنْ آيَاتِنَا لَغَافِلُونَ۞

ယနေ့၌ ငါသည် နောင်မျိုးဆက်များ အတွက် လက္ခဏာ တစ်ရပ် ဖြစ်စေရန်၊ သင်၏ ရုပ်ကလပ်ကို ကယ်နုတ်ထားတော်မူပြီ။ ကေန်ပင် လူသားတို့မှ အများစုသည် ငါ၏ သက်သေလက္ခဏာများကို မေ့လျော့နေကြ၏။[၁၃၆]

၉၃။ وَلَقَدْ بَوَّأْنَا بَنِي إِسْرَائِيلَ مُبَوَّأَ صِدْقٍ وَرَزَقْنَاهُم مِّنَ الطَّيِّبَاتِ فَمَا اخْتَلَفُواْ حَتَّى جَاءهُمُ الْعِلْمُ إِنَّ رَبَّكَ
يَقْضِي بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُواْ فِيهِ يَخْتَلِفُونَ۞

ငါသည် ဂျူးလူမျိုးတို့အား ကောင်းမွန်မှန်ကန်သော နေရာထိုင်ခင်းဖြင့် နေရာချပေးခဲ့၏၊ သန့်စင်သော ရိက္ခာများကိုလည်း ထောက်ခဲ့၏၊ သူတို့ထံသို့ ဤအသိ မရောက်မီအထိ ငြင်းခုံကွဲလွဲမှု မရှိသေးချေ။ သူတို့၏ ကြား၌ ကွဲလွဲခြင်းများကို သင်၏ကံကြမ္မာရှင်သည် ရပ်တည်မြဲမြံသော နေ့၌ **အပြီးသတ်စေ**လတ္တံ့။ ဆုံးဖြတ်

၉၄။ فَإِن كُنتَ فِي شَكٍّ مِّمَّا أَنزَلْنَا إِلَيْكَ فَاسْأَلِ الَّذِينَ يَقْرَؤُونَ الْكِتَابَ مِن قَبْلِكَ لَقَدْ جَاءكَ الْحَقُّ مِن رَّبِّكَ
فَلاَ تَكُونَنَّ مِنَ الْمُمْتَرِينَ۞

---

ပြန်လည် ရောက်လာသည့် ကိုယ်တော်မူဆာသည် ဖာရိုး၏ နှိပ်စက်မှုအောက်၌ သူ့လူမျိုးများကို ပစ်မထားခဲ့ဘဲ ထိုလူမျိုးများ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို တစ်စိုက်မတ်မတ် လုပ်ဆောင်သွားကြောင်း ကျမ်းတော်၏ နေရာပေါင်း များစွာတွင် ဖေါ်ပြထားပေသည်။

**(၁၃၆)** ကိုယ်တော်မူဆာ လက်ထက်တွင် အုပ်ချုပ်မင်းလုပ်ခဲ့သော် အီဂျစ်ပြည့်ရှင်မင်း (ဖာရိုး) ရာမစ်စီ (၂)၏ ရုပ်ကလပ်အား နိုင်းမြစ်ထဲမှ မတွေ့ရှိမီအထိ၊ ဤသုတ်တော်အား အနောက်တိုင်းသားများက အကြီးအကျယ် ဝေဖန်ခဲ့ကြပေသည်။ သို့သော် ကျမ်းတော်ပါ၊ သွန်သင်ချက်များသည် မှုသားမဲ့ကြောင်းကို ဖာရိုးမင်းများ၏ ရုပ်ကလပ်များအား တူးဖေါ်တွေ့ရှိ၍ ပြတိုက်ထဲတွင် ထားလိုက်သည်မှ စ၍ ဝေဖန်မှုများ ရပ်စဲရကုန်ပြီ။

| | |
|---|---|
| | သင့်အား ငါ ချမှတ်ပေးရာ၌ သံသယရှိလေလျှင်၊ သင် မတိုင်မီ ကျမ်းစာ ဖတ်သူများကို မေးမြန်းလော့၊ ဧကန်ပင် သစ္စာတရားသည် သင့်ထံသို့ သင်၏ကံကြမ္မာရှင်ထံမှ ရောက်လာ၏၊ သို့ဖြစ်၍ သင်သည် ဒွိဟ ဖြစ်သူများ၌ မပါလင့်။[၃၂၇] |
| ၉၅။ | وَلاَ تَكُونَنَّ مِنَ الَّذِينَ كَذَّبُواْ بِآيَاتِ اللّهِ فَتَكُونَ مِنَ الْخَاسِرِينَ۞<br>ထို့ပြင် သင်သည် ပရမတ်ဘုရားရှင်၏ **နိမိတ်လက္ခဏာတော်**များအား ငြင်းဆန်သူများ၌ မပါဝင်နှင့်၊ သို့မဟုတ်က သင်သည် ဆုံးရှုံးသူများမှ ဖြစ်ရလတ္တံ့။ |
| ၉၆။ | إِنَّ الَّذِينَ حَقَّتْ عَلَيْهِمْ كَلِمَتُ رَبِّكَ لاَ يُؤْمِنُونَ۞<br>ဧကန်ပင် သင့်ကံကြမ္မာရှင်၏ စကားတော်သည် သူတို့အပေါ်၌ အမှန်ဖြစ်၏၊ သူတို့သည် ယုံကြည်ကြမည် မဟုတ်ချေ။ |
| ၉၇။ | وَلَوْ جَاءتْهُمْ كُلُّ آيَةٍ حَتَّى يَرَوُاْ الْعَذَابَ الأَلِيمَ۞<br>မည်သည့် လက္ခဏာများ ရောက်စေသည်ဖြစ်စေ၊ စူးနစ်နာကျင်သော ဝဋ်ကြွေးကို မမြင်ရသ၍ အရေးမပါချေ။ |
| ၉၈။ | فَلَوْلاَ كَانَتْ قَرْيَةٌ آمَنَتْ فَنَفَعَهَا إِيمَانُهَا إِلاَّ قَوْمَ يُونُسَ لَمَّآ آمَنُواْ كَشَفْنَا عَنْهُمْ عَذَابَ الخِزْيِ فِي الْحَيَاةَ الدُّنْيَا وَمَتَّعْنَاهُمْ إِلَى حِينٍ۞<br>ယုံကြည်မှုအတွက် ယုံကြည်မှု၏ အကျိုး မခံစားရသော အရပ်ဒေသဟူ၍ မရှိ။ ယူနွတ်စ်၏[၃၂၇☆] လူမျိုး၊ သူတို့၏ ယုံကြည်ချက်ကြောင့် သူတို့သည် ဤလောကီ ဘဝ၌ အရှက်ကွဲရခြင်း ဝဋ်ကြွေးမှ ဖယ်ရှားခံရ၍၊ ခေတ်တစ်ခေတ်ကို ပိုင်ခဲ့၏။ |
| ၉၉။<br>❖ ၂း၂၅၆ | وَلَوْ شَاء رَبُّكَ لآمَنَ مَن فِي الأَرْضِ كُلُّهُمْ جَمِيعًا أَفَأَنتَ تُكْرِهُ النَّاسَ حَتَّى يَكُونُواْ مُؤْمِنِينَ۞<br>သင့် ကံကြမ္မာရှင်၏ စံချိန်ပြည့်ပြီးဖြစ်လျှင်၊ မြေပေါ်၌ ရှိသမျှသော သူအားလုံးသည် ယုံကြည်ပြီး ဖြစ်လတ္တံ့။ သင်သည် လူသားတို့အား ယုံကြည်သူများ ဖြစ်သည့်တိုင်အောင် အဓမ္မပြုမည်လော။❖ |
| ၁၀၀။ | وَمَا كَانَ لِنَفْسٍ أَن تُؤْمِنَ إِلاَّ بِإِذْنِ اللّهِ وَيَجْعَلُ الرِّجْسَ عَلَى الَّذِينَ لاَ يَعْقِلُونَ۞<br>ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ မည်သည့် ဥဉ်သည်မှ ယုံကြည်လာမည် မဟုတ်ချေ။ အတွေးအခေါ် မရှိသော သူတို့ကို ချေးညှော်တက်ရန် ပြုထားတော်မူပြီ။ |
| ၁၀၁။ | قُلِ انظُرُواْ مَاذَا فِي السَّمَاوَاتِ وَالأَرْضِ وَمَا تُغْنِي الآيَاتُ وَالنُّذُرُ عَن قَوْمٍ لاَّ يُؤْمِنُونَ۞<br>"မိုးများနှင့် မြေ၌ ရှိသော အရာများကို ကြည့်ရှုကြလော့၊ ယုံကြည်မှု မရှိသော လူမျိုးအတွက် နိမိတ်လက္ခဏာများ၊ သတိပေးမှုများမှာ ကုံလုံမှု မရှိချေ။"ဟု ဟောကြားလော့။ |
| ၁၀၂။ | فَهَلْ يَنتَظِرُونَ إِلاَّ مِثْلَ أَيَّامِ الَّذِينَ خَلَوْاْ مِن قَبْلِهِمْ قُلْ فَانتَظِرُواْ إِنِّي مَعَكُم مِّنَ الْمُنتَظِرِينَ۞<br>သူတို့အလျှင် ပျောက်ပျက်ပြီး သူများ၏ ကာလများ ကဲ့သို့သာ သူတို့ စောင့်စားနေကြကုန်သလော၊ ဟောလော့ "သင်တို့ စောင့်ကြည့်နေကြလော့၊ ကျွန်ုပ်သည်လည်း စောင့်ကြည့်နေသူထဲ၌ ပါဝင်၏။" |

(၃၂၇) ကျမ်းတော်တွင် ပြောသည့် "သင်သည်" ဆိုသော စကားလုံးမှာ အချိန်တိုင်းအခါတိုင်း၌ ကိုယ်တော်မုဟမ္မဒ်အား ရည်ညွှန်းခြင်း မဟုတ်ချေ။ ကျမ်းတော်၏ များစွာသော နေရာများတွင် အသင်၊ အသင်တို့ ဆိုသည်မှာ ကြားနာသူ၊ စာဖတ်သူများကို ညွှန်းပေသည် (၂း၁၃၆။ ၂း၁၀)။

(၃၂၇☆) ခရစ်ယာန်သမ္မာကျမ်းစာတွင် ကိုယ်တော်၏ အမည်ကို **ယောန** ဟု ခေါ်တွင်၍၊ ကိုယ်တော်သည် ဗုဒ္ဓရာဇဝင်လာ **သောက်ထိသေန** မင်းသားကဲ့သို့ ငါးမြိုခံရသူ အဖြစ် ကျော်ဇောပေသည်။

| | |
|---|---|
| ၁၀၃။ | ثُمَّ نُنَجِّي رُسُلَنَا وَالَّذِينَ آمَنُواْ كَذَلِكَ حَقًّا عَلَيْنَا نُنجِ الْمُؤْمِنِينَ۞<br>တဖန် ငါသည် ငါ၏ ဉာဏ်စဉ်ဆောင်များနှင့် ယုံကြည်သူများအား ကယ်နုတ်တော်မူ၏၊ ဤသို့ ယုံကြည်သူများအား ကယ်နုတ်ခြင်းမှာ ငါ၏ မဖေါက်ပြန်သော ပြဋ္ဌာန်းချက်ဖြစ်၏။ |
| ၁၀၄။ | قُلْ يَا أَيُّهَا النَّاسُ إِن كُنتُمْ فِي شَكٍّ مِّن دِينِي فَلاَ أَعْبُدُ الَّذِينَ تَعْبُدُونَ مِن دُونِ اللّهِ وَلَكِنْ أَعْبُدُ اللّهَ الَّذِي يَتَوَفَّاكُمْ وَأُمِرْتُ أَنْ أَكُونَ مِنَ الْمُؤْمِنِينَ۞<br>ဟောလော့ “အို လူသားတို့၊ သင်တို့သည် ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်လျှက် ကိုးကွယ်နေသော အရာများကို ကိုးကွယ်ခြင်း မရှိသည့် ကျွန်ုပ်၏ သာသနာ့လမ်း၌ သံသယရှိကြသလော၊ ကျွန်ုပ်သည် ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်၏၊ အရှင်သည် သင်တို့၏ အသက်တာကိုပိုင်၏၊ ကျွန်ုပ်အား ယုံကြည်သူများ၌ ပါဝင်ရန် မိန့်ညွှန် ခံရသည်မှာ– |
| ၁၀၅။ | وَأَنْ أَقِمْ وَجْهَكَ لِلدِّينِ حَنِيفًا وَلاَ تَكُونَنَّ مِنَ الْمُشْرِكِينَ۞<br>–ဖြောင့်မတ်တည်ကြည်သူ ဖြစ်သည့်အလျောက်၊ ဦးတည်ချက် ခိုင်မြဲလော့၊ ရောပြွန်းကိုးကွယ်သူများ၌ အပါအဝင် မဖြစ်လင့်– |
| ၁၀၆ | وَلاَ تَدْعُ مِن دُونِ اللّهِ مَا لاَ يَنفَعُكَ وَلاَ يَضُرُّكَ فَإِن فَعَلْتَ فَإِنَّكَ إِذًا مِّنَ الظَّالِمِينَ۞<br>ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်လျှက် ကောင်းကျိုး ဆိုးကျိုး မပေးနိုင်သော အရာများ၌ ဆုမတောင်းနှင့်။ အကယ်၍ ပြုကျင့်ခဲ့လျှင် အသင်သည် အမိုက်ကောင်များ၏ အနက်၌ ပါဝင်ရချေပြီ။ |
| ၁၀၇။ | وَإِن يَمْسَسْكَ اللّهُ بِضُرٍّ فَلاَ كَاشِفَ لَهُ إِلاَّ هُوَ وَإِن يُرِدْكَ بِخَيْرٍ فَلاَ رَآدَّ لِفَضْلِهِ يُصَيبُ بِهِ مَن يَشَاء مِنْ عِبَادِهِ وَهُوَ الْغَفُورُ الرَّحِيمُ۞<br>အကယ်၍ ပရမတ်ဘုရားရှင်က သင့်အား အခက်အခဲ တစ်ခု ထိသက်စေသော်၊ အရှင်မှအပ ၎င်းအား ဖယ်ရှားနိုင်သူ မရှိ။ အရှင်က ကောင်းမြတ်ခြင်း တိုးစေလျှင် အရှင်၏ သိက္ခာပေးမှုအား တားဆီးနိုင်သူ မရှိ၊ အရှင်သည် အမှုတော်ဆောင်များမှ စံချိန်ပြည့်သူအား တိုးပွားစေ၏၊ အရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။” |
| ၁၀၈။ | قُلْ يَا أَيُّهَا النَّاسُ قَدْ جَاءكُمُ الْحَقُّ مِن رَّبِّكُمْ فَمَنِ اهْتَدَى فَإِنَّمَا يَهْتَدِي لِنَفْسِهِ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا وَمَا أَنَاْ عَلَيْكُم بِوَكِيلٍ۞<br>ဟောလော့ “အို လူသားတို့၊ သစ္စာတရားသည် သင်တို့၏ ကံကြမ္မာရှင်ထံမှ ရောက်ရှိလာပြီ၊ သို့ဖြစ်၍ လမ်းညွှန်သို့လိုက်သူသည်၊ သူ၏ ဉာဉ်စရိုက်အတွက် လမ်းညွှန်သို့ လိုက်ခြင်း ဖြစ်၏၊ လမ်းလွဲသို့လိုက်သူသည် သူ့အတွက် လမ်းလွဲသို့ လိုက်ခြင် းဖြစ်၏၊ ကျွန်ုပ်သည် သင်တို့အား စောင့်ကြပ်နေသူ မဟုတ်ချေ။”[၅၃၈] |
| ၁၀၉။ | وَاتَّبِعْ مَا يُوحَى إِلَيْكَ وَاصْبِرْ حَتَّىَ يَحْكُمَ اللّهُ وَهُوَ خَيْرُ الْحَاكِمِينَ۞<br>အသင့်ထံသို့ အာရုံဖြစ်ပေါ်ပေးရာကို လိုက်နာလော့၊ ပရမတ်ဘုရား၏ ဓမ္မသတ်ကျသည့်အထိ သည်းခံလော့၊ အရှင်သည် အမြတ်ဆုံးသော ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |

---

(၅၃၈) အစ္စလာမ်သာသနာသည် အဓမ္မသာသနာပြုသော စနစ်ဖြင့် ကမ္ဘာကို ဖြန့်ကျက်သည်ဟု စွပ်စွဲခြင်းမှာ လွန်စွာ ခေတ်နောက်ကျသော စွပ်စွဲချက်ဖြစ်သော်လည်း၊ အစ္စလာမ်သာသနာအား မလေ့မလာ၊ မစူးမစမ်းဘဲ အကုသိုလ်သင့်လောက်အောင် မုန်းတီးနေသူများ၏ နှလုံးသား၌ ထိုစွပ်စွဲချက်မှာ အသစ် ဖြစ်နေဆဲပင်။ ထိုသို့ စွပ်စွဲချက်မျိုးကို ကျမ်းတော်ပါ သွန်သင်ချက်များက မကြာခဏ ပယ်ချပေသည်။ ၎င်းတို့အထဲတွင် ဤသုတ်တော်နှင့် သုတ်တော် ၉၉ သည်လည်း အပါအဝင် ဖြစ်ပေသည်။ အစ္စလမ်သာသနာ ပေါ်ထွန်းသော ကာလ အေဒီ ၆ ရာစုကပင် ဘာသာတရား လွတ်လပ်ခွင့်ကို အစ္စလမ်ဘာသာက ဥပဒေ တစ်ရပ် အဖြစ် ပြဋ္ဌာန်းပေးပြီး နေပေပြီ။